International CAMPAIGN TO BAN LANDMINES




# ၂၀၀၈ မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေး အစီရင်ခံစာ
# မြန်မာနိုင်ငံ

**မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့**သည် အပြည်ပြည်ဆိုင်ရာမြေမြှုပ်မိုင်းတားဆီး ရေးလှုံ့ဆော်မှု အဖွဲ့(ICBL) ၏လက်အောက်ခံဖြစ်သည်။ ကမ္ဘာမှာ မိုင်းကင်းစင်အောင် လုပ်ဆောင်ရေး ရည်ရွယ်ချက်ဖြင့် ICBL ကို ၁၉၉၂ ခုနှစ်ကဖွဲ့စည်းသည်။ ၁၉၉၇ ခုနှစ် ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ICBL ကို နိုင်ငံ ၇၀ ကျော်မှ တသီးပုဂ္ဂလအဖွဲ့ ၁၃၀၀ ကျော် ဖြင့်ဖွဲ့စည်းထားသည်။

ICBL အနေဖြင့် ၁၉၉၇ခုနှစ် မိုင်းတားဆီးရေးစာချုပ် အကောင်အထည်ဖော်မှု အခြေအနေကို မှတ်တမ်းပြုစုသည်။ ထို့အပြင် မိုင်းပြဿနာဖြေရှင်းရေး အပြည်ပြည်ဆိုင်ရာလုပ်ဆောင်ချက်များကိုလည်းအကဲဖြတ်သည်။ လူသားခြင်းစာနာသည့်ဥပဒေနှင့် လက်နက်ဖျက်သိမ်းရေးစာချုပ်များကို ကမ္ဘာတဝှမ်းက တသီးပုဂ္ဂအဖွဲ့များ စနစ်တကျစုပေါင်းကာစောင့်ကြည့် အကဲဖြတ်နိုင်ခြင်းသည် ကမ္ဘာတွင် ပထမဦးဆုံးဖြစ်သည်။

၂၀၀၈ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ၁၅၆ နိုင်ငံက မိုင်းတားဆီးရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီး သို့မဟုတ် အတည်ပြုပြီးဖြစ်သည်။ ထိုလက်နက်များဖျက်သိမ်းသင့်ကြောင်း ကမ္ဘာ့နိုင် ငံအများစုကြီးက လက်ခံထားကြသည်။ မြန်မာနိုင်ငံ ထိုအထဲတွင်မပါဝင်ပေ။ ၂၀၀၈ ခုနှစ်အထိ လက်နက်ကိုင်တပ်ဖွဲ့များ လူကိုပစ်မှတ်ထားသော မြေမြှုပ်မိုင်းကို ပုံမှန်အသုံးပြု နေသေးသည်။

မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာသည် နိုင်ငံ ၁၂၁ နိုင်ငံအကြောင်း စုပေါင်းပါဝင်သော ၂၀၀၈ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာ၏ အစိတ်အပိုင်းတခုဖြစ်သည်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် မိုင်းတားဆီးရေးစာချုပ် အကောင်အထည်ဖော်ရေးနှင့် စီမံရေးကိစ္စအတွက်တာဝန်ယူသော အဖွဲ့မဟုတ်ပေ။ လူကိုပစ်မှတ်ထားသောမိုင်းများ အသုံးမပြုအောင် သက်ဆိုင်ရာအစိုးရများ တာဝန်ယူလာအောင် ဖိအားပေးရန်အတွက် သာမန်ပြည်သူများဖြင့် ဖွဲ့စည်းထားသောအဖွဲ့သာဖြစ်သည်။ မိုင်းစာချုပ်ကိုအတည်ပြုထားသော နိုင်ငံများအနေဖြင့် စာချုပ်ပြဋ္ဌာန်းချက်အတိုင်း လိုက်နာမှုရှိမရှိ စောင့်ကြည့်ခြင်း၊ မိုင်းကိစ္စနှင့် ပတ်သက်၍ အစိုးရများ ပွင့်လင်းမှုရှိမရှိနှင့်၊ စာချုပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ၏ ပေါ်လစီများ ကို လေ့လာစောင့်ကြည့်ခြင်းများလုပ်သည်။

ကမ္ဘာမှာ မိုင်းကင်းစင်ရေးအတွက် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးကြခြင်းကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အားပေးသလို လိုအပ်သောအကူအညီလည်း ပေးသည်။ တကမ္ဘာလုံးအကျိုးကျေးဇူးအလို့ငှါ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က လေ့လာသိရှိသော သတင်းအချက်အလက်များကို စိတ်စေတနာကောင်းဖြင့် ဖြန့်ဝေပေးသည်။ ဝေဖန်မှုများ ပါနိုင်သော်လည်း မှတ်တမ်းတင်ခြင်းနှင့် ဝေဖန်ပိုင်းခြားမှုလုပ်ရာတွင် အပြုသဘောဆောင်ပါသည်။

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာအတွက် တာဝန်ရှိသောသုတေသနမှူးများမှာ Alfredo Ferrariz Lubang နှင့် Yeshua Moser-Puangsuwan တို့ဖြစ်သည်။ သတင်းအချက်အလက်များ ပေးအပ်ခဲ့သောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ကြောင်း အစီရင်ခံစာက မှတ်တမ်း တင်အပ်ပါသည်။ ၁၉၉၉ ခုနှစ်မှစ၍ အစီရင်ခံစာများကို မြန်မာဘာသာပြန်ဆိုရေး ကူညီခဲ့သူ ခင်မောင်ဝင်းကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။


**Landmine Monitor Burma/Myanmar**

**burma@icbl.org | www.icbl.org/burma**

# မြန်မာနိုင်ငံ[၁]

| | |
|---|---|
| မြေမြှုပ်မိုင်းတားဆီးမှုစာချုပ်နှင့်စပ်လျဉ်းသည့်အဆင့်အတန်း | စာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုခြင်းမရှိပါ။ |
| အသုံးပြုခြင်း | အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင် အင်အားစုများ၏ အသုံးပြုမှုများ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်များတွင်ရှိနေဆဲဖြစ်သည်။ |
| သိုလှောင်ထိမ်းသိမ်းမှု | မသိရှိရ။ |
| မိုင်းကျန်ရှိနေမှု | လူသတ်မိုင်းများ၊ ယဉ်ဖျက်မိုင်းများ စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများ။ |
| မိုင်းကျန်ရှိနေသည့်ခန့်မှန်းဒေသများ | အမြောက်အများ။ |
| ၂၀၀၇ မိုင်းရှင်းလင်းရေးတိုးတက်မှု | မသိရှိနိုင်။ |
| ၂၀၀၇ မိုင်း နှင့်ပေါက်ကွဲလက်နက်များကြောင့် ထိခိုက်သေဆုံးမှုများ | စုစုပေါင်း ၄၃၈ (၂၀၀၆ ခုနှစ်တွင် ၂၄၃)၊ မိုင်း ၄၀၉ (၂၀၀၆ ခုနှစ်တ ၂၃၂)၊ အမျိုးအမည်မသိ ၂၉ (၂၀၀၆ ခုနှစ် တွင် ၁၁) |
| ထိခိုက်သေဆုံးမှုများ အပေါ်သုံးသပ်ချက် | သေဆုံး ၄၇ (၂၀၀၆ ခုနှစ်တွင် ၂၀)၊ ဒဏ်ရာရ ၃၃၈ (၂၀၀၆ ခုနှစ်တွင် ၂၂၃)၊ အမျိုးအမည်မသိ ၅၃ (၂၀၀၆ ခုနှစ်တွင် သုည) |
| မိုင်းနှင့်ပေါက်ကွဲတတ်သောလက်နက်များထိပြီးမသေဘဲ ကျန်နေသူများ | မသိရှိရ။ သို့သော် အများအပြားရှိနိုင်။ |
| စွန့်စားမှုဆိုင်ရာ ပညာပေးရေး လုပ်ဆောင်နိုင်စွမ်းရည် | အပြောင်းအလဲမရှိ။ လုံလောက်မှု မရှိ။ |
| ၂၀၀၇ ခုနှစ် နိုင်သောဝန်ဆောင်မှု | လုံလောက်မှုမရှိ။ |
| ၂၀၀၇ ခုနှစ်တွင် ရံပုံငွေ | နိုင်ငံတကာမှ ၁၈၅၀၀၀ ဒေါ်လာ၊ (၂၀၀၆ ခုနှစ် မသိရရှိ။) |
| ၂၀၀၇ ခုနှစ် မေလ မှစ၍ အဓိကတိုးတက်မှုများ | ၂၀၀၇ ခုနှစ်တွင် ပဋိပက္ခ ကျဆင်းကြောင်း အစိုးရက ကြေငြာသော်လည်း ထိခိုက်သေဆုံးမှု တိုးများလာ။ အစိုးရပြန်လည်ထူထောင်ရေးဌာနများအား ကမ္ဘာ့ကြက်ခြေနီ အဖွဲ့က ထောက်ပံ့မှုများရပ်ဆိုင်းခဲ့။ |

[၁] တိုင်းပြည်ကိုအုပ်ချုပ်လျှက်စစ်အုပ်စုသည် နိုင်ငံ၏တရားဝင်အမည်ကို Burma မှ Myanmar သို့ ပြောင်းလဲခဲ့သည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နိုင်ငံရေးအတိုက်အခံများ အမြောက်အများသည်လည်းကောင်း၊ အစိုးရအဖွဲ့ အမြောက်အမြားသည်လည်းကောင်း၊ ယခုအချိန်အထိတိုင်းပြည်ကို Burma အဖြစ် ရည်ညွှန်းသုံးစွဲလျှက်ရှိသည်။ ပြည်တွင်းရှိ ပြည်နယ်နှင့် တိုင်းများ၏ အမည်များကို သမိုင်းကြောင်းအခြေခံအရ ပေးအပ်ထားမှုများရှိသည်။ သို့မဟုတ်လျှင် လက်ရှိအုပ်ချုပ်လျှက်ရှိသော နယက ကပေးထားသည့်အမည်များကို ကွင်းစကွင်းပိတ်ဖြင့်ဖော်ပြသည်။ ဥပမာအားဖြင့် ကရင်နီ (ကယား) ပြည်နယ်။

## မိုင်းတားမြစ်ရေးမူဝါဒ

ပြည်ထောင်စုမြန်မာနိုင်ငံသည် မိုင်းပိတ်ပင်တားမြစ်ရေးစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုထားခြင်းမရှိသေးပါ။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ မှ ၂၇ ရက်နေ့များအတွင်း အင်ဒိုနီရှားနိုင်ငံ ဘာလီတွင် ကျင်းပခဲ့သော အော်တာဝါ နိုင်ငံတကာစာချုပ် အကောင်အထည်ဖော်ရေးနှင့် ကမ္ဘာတခွင်ပျံ့နှံ့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတက်ရောက်ခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသည် ယခုအချိန်အထိ စာချုပ်ဝင်နိုင်ငံမဟုတ်သော်လည်း နိုင်ငံတကာစာချုပ်ကို ကမ္ဘာနှင့် အဝှမ်းအကောင်အထည်ဖေါ်ရာတွင် အထူးသဖြင့် မိုင်းနှင့် စပ်လျဉ်း၍နိုင်ငံတကာလှုပ်ရှားမှုလုပ်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အောက်ပါတိုးတက်မှုများကို စွမ်းဆောင်ခဲ့သည်။[၂] – တချိန်က အစိုးရနှင့် ပဋိပက္ခ ဖြစ်ပွားခဲ့သော အဓိကလက်နက်ကိုင် အဖွဲ့အစည်းပေါင်း ၁၈ ဖွဲ့ရှိခဲ့သည်။ ယခုအချိန်တွင် ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာ ကြပြီးဖြစ်သည်။ – အဓိက လက်နက်ကိုင်အဖွဲ့အစည်း တစ်ဖွဲ့သာရှိသည်။ ယခုအချိန်တွင် မိမိတို့အစိုးရ အနေဖြင့် အဆိုပါအဖွဲ့အစည်းနှင့် အရေးတကြီးညှိနှိုင်းလုပ်ဆောင်မှုများရှိသည်။ လက်ကိုင်အဖွဲ့အစည်းစုစုပေါင်း ၁၇ ဖွဲ့မှာ ငြိမ်းချမ်းမှုရရှိသွားသဖြင့် ၎င်းတို့နှင့် လက်နက်ကိုင်ပဋိပက္ခရပ်ဆိုင်းသွားခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ အဆိုပါ ဒေသများတွင် ချထားခဲ့သော မြေမြှုပ်မိုင်ပြဿနာမှာ ပြေလည်သွားခဲ့ပြီဖြစ်သည်။ – နိဂုံးအားဖြင့်ဆိုလျှင် ငြိမ်းချမ်းမှုသည် မြန်မာနိုင်ငံဒေသအသီးသီးသို့ ဖြန့်ကျက်တည်ရှိနေပါပြီ။ အရေးကြီးသော လူသားခြင်းစာနာထောက်မှုဆိုင်ရာ ပြဿနာကိုဖြေရှင်းပြေလည်စေရန် လုပ်ငန်းစဉ်များအား တခုပြီးတခု တဖြေးဖြေးချမှတ်ဆောင် ရွက် သွားမည် ဖြစ်ပါသည်။[၃]

---

[၂] ၂၀၀၈ ခုနှစ်ဖေဖေါ်ဝါရီလ ၂၅ မှ ၂၈၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၊ ကူးတားတွင်ကျင်းပသော အော်တာဝါ နိုင်ငံတကာစာချုပ် အကောင်အထည်ဖေါ်ရေးနှင့် ကမ္ဘာတခွင်ပျံ့နှံ့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် စီးပွားရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး သန့်ကျော် ၏ တင်ပြချက်။

[၃] အထက်ပါပြောဆိုချက်ရှိသော်လည်း ၂၀၀၈ ခုနှစ်မတ်လတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ချင်းအမျိုးသားတပ်ဦးတို့က ၎င်းတို့သည် နယက နှင့် ဆက်လက်၍ ဆွေးနွေးမှုများ မပြုလုပ်တော့ကြောင်းကြေညာခဲ့ကြသည်။ ၎င်းအပြင် ၂၀၀၈ ခုနှစ် မေလ တွင် ကရင်အမျိုးသားအစည်းရုံးက ၎င်းတို့သည် ၂၀၀၅ ခုနှစ် မေလမှစ၍ နယက နှင့် စကားပြောရန်အတွက် ဆက်ဆံမှုများမရှိတော့ကြောင်းကြေညာခဲ့သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ နိုင်ငံခြားရေးဝန်ကြီး ခူးအူးရယ် ထံမှ

အဆိုပါအစည်းအဝေးကို တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်များသည် ဤအကြောင်းရပ်အပေါ်တွင် ICBL နှင့် ပိုမိုဆက်စပ်သွားရန် အကြံပြုချက်ကို အကောင်းမြင်အခြေခံဖြင့် တုံ့ပြန်ခဲ့ကြသည်။[၆] ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း တွင်လည်း ICBL ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်ရှိ အရှေ့တောင်အာရှနိုင်ငံများ အသင်းအဖွဲ့ဝင် အချို့သောနိုင်ငံများ၏ သံရုံးများနှင့်တွေ့ဆုံခဲ့ရာတွင် မြေမြှုပ်မိုင်း ပြဿနာနှင့် စပ်လျဉ်း၍ လူသားချင်း စာနာထောက်ထားမှုရှုဒေါင့်မှ ချဉ်းကပ်နိုင်ရေးအတွက် မြန်မာအာဏာပိုင်များနှင့် အပြုသဘောအရ ဆက်စပ်ရန် အားပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ICBL ကမကထပြုခဲ့သော မြန်မာနိုင်ငံတွင် မိုင်းအသုံးပြုမှုရပ်တန့်ရေး လှုပ်ရှားမှု၌ ၂၀၀၇ မြေမြှုပ်မိုင်းလေ့လာ စောင့်ကြည့်ရေးအစီအရင်ခံစာ မြန်မာဘာသာပြန်မိတ္တူ ၂၁၀၀ ကို ဖြန့်ဝေခဲ့သည်။

၂၀၀၈ ခုနှစ်ဇွန်လတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ်လုံခြုံရေးတပ်ဖွဲ့များ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ် တလျှောက်တွင် မိုင်းများကိုဖယ်ရှားရေးအတွက် အဆိုပြုခဲ့ကြသည်။[၇]

မြန်မာနိုင်ငံသည် ၂၀၀၇ ခု ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၆၄/၄၁ ဆိုင်ရာ မဲခွဲဆုံးဖြတ်သည့် အစည်းအဝေးသို့ တက်ရောက်ခြင်းမရှိသော ၁၈ နိုင်ငံအနက် တနိုင်ငံဖြစ်သည်။ ယင်းအစည်း

---

၂၀၀၈ ခုနှစ်မတ်လ ၁၄ ရက် နေ့ရက်စွဲဖြင့် ပေးပို့သော အီးမေးလ်။ ချင်းအမျိုးသားတပ်ဦး၏ တွဲဘက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ ရွှေခါးက ၂၀၀၈ ခုနှစ်မတ်လ ၁၈ ရက်နေ့စွဲဖြင့် ပေးပို့သော အီးမေးလ်။ ၂၀၀၈ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး နိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်ထော သို့တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းချက်။

[၆] ICBL အစည်းအဝေးမှတ်စုများ၊ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ မှ ၂၈၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၊ ကူးတားတွင်ကျင်းပသော အော်တာဝါ နိုင်ငံတကာစာချုပ် အကောင်အထည်ဖော်ရေးနှင့် ကမ္ဘာတခွင်ပျံ့နှံ့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။ ICBL နှင့် နိုင်ငံ ခြားရေးဝန်ကြီးဌာနမှ သန့်ကျော်တို့၏ နောက်ဆက်တွဲ အီးမေးလ် ဆက်သွယ်မှုများ။

[၇] အမ် ရှားဂျဟန်း နှင့် ရမ်ဂျန် အူဒင် ပတဲလ် “ဘီဒီအာရ် – နဆက ကဏ္ဍ တပ်မှူးကြီးများအဆင့် အစည်းအဝေး ကျင်းပခဲ့သည်။” Ajker Deshbidesh နေ့စဉ် (ကောက် ဘဇား၊ ဘင်္ဂလားဒေ့ရှ်)၊ ၂၀၀၈ ခုနှစ် ဇွန်လ (၃၀) ရက်။ “ဘီဒီအာရ် – နဆက ကောက်ဘဇားတွင် အလံတင် ဆွေးနွေးပွဲများကျင်းပသည်။ ” ခေတ်သစ် (ကောက်ဘဇား)၊ ၂၀၀၈ ခုနှစ် ဇွန်လ (၃၀) ရက်။

အဝေးတွင် မိုင်းပိတ်ပင်တားမြစ်ရေးစာချုပ်ကို ကမ္ဘာနှင့်အဝှမ်းလိုက်နာဖော်ဆောင်ရေးအတွက် တောင်းဆိုခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်ဇွန်လတွင် ဂျီနီဗာ၌ကျင်းပခဲ့သော အမြဲတန်းကော်မတီအတွင်းပိုင်း အစည်းအဝေးများသို့လည်းကောင်း၊ ၂၀၀၇ ခုနှစ်နိုဝင်ဘာလတွင် ဂျော်ဒန်နိုင်ငံ၌ကျင်းပခဲ့သော မိုင်းတားမြစ်ရေး စာချုပ်ဝင်နိုင်ငံများ၏ ရှစ်ကြိမ်မြောက် အစည်းအဝေးသို့လည်းကောင်း လေ့လာသူအဖြစ်တက်ရောက်ခဲ့ခြင်းမရှိပါ။

မြန်မာနိုင်ငံသည် သမားရိုးစစ်ပွဲသုံးစစ်လက်နက်များဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ် ရေးထိုးချုပ်ဆိုခြင်းမရှိခြေ။ သို့ရာတွင် ၂၀၀၇ ခု နိုဝင်ဘာလတွင် ဂျီနီဗာ၌ကျင်းပခဲ့သည့် အဆိုပါစာချုပ်ဝင် နိုင်ငံများအစည်းအဝေးသို့ လေ့လာသူအဖြစ်တက်ရောက်ခဲ့သည်။ ၂၀၀၈ ခုနှစ် မေလတွင် အစုအပြုံ စစ်လက်နက် ပစ္စည်းများဆိုင်ရာ ဒူဗလင် သံတမန်ကွန်ဖရင့်သို့ တက်ရောက်ခဲ့ခြင်းမရှိခြေ။

## ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် စုပုံသိုလှောင်ထားရှိခြင်း

ပဲခူးတိုင်း ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သော မြန်မာ့ကာကွယ်ရေးပစ္စည်းစက်ရုံသည် တစစီပေါက်ကွဲ၍ ထောက်လှမ်းခြင်းဖြင့် မသိရှိနိုင်သော လူသတ်မြေမြှုပ်မိုင်းများကို ထုတ်လုပ်သည်။[၆] မြန်မာအာဏာပိုင်များသည် သိုလှောင်ထားရှိသည့် လူသတ်မြေမြှုပ်မိုင်းများ၏ အမျိုးအစားအရေအတွက်တို့နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို ပေးအပ်ခြင်းမရှိသေးခြေ။ မြန်မာနိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှုအပြင် တရုပ်၊ အိန္ဒိယ၊ အီတလီ၊ ဆိုဗီယက်၊ အမေရိကန်နှင့် အခြားအမျိုးအမည်မသိသောနိုင်ငံများက ထုတ်လုပ်သည့် လူသတ်မိုင်းများကို လက်ဝယ်ထားရှိ သုံးစွဲလျက်ရှိကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အစီရင်ခံတင်ပြသည်။[၇] မြန်မာနိုင်ငံသည် လူသတ်မိုင်းများကို နိုင်ငံခြားသို့တင်ပို့လျက်ရှိကြောင်း

---

[၆] မြန်မာနိုင်ငံသည် MM1 အမျိုးအစားမိုင်းကို ထုတ်လုပ်သည်။ ၎င်းမှာ မြေစိုက်တုတ်နှင့် တွဲချည်ထား၍ တစစီပေါက်ကွဲသော တရုတ်လုပ် ၅၉ အမျိုးအစား မိုင်းပုံစံမျိုးအပေါ်တွင် အခြေပြုထုတ်လုပ်ထုတ်လုပ်ခြင်းဖြစ်သည်။ ဦးတည်ရည်ညွှန်းမှုဖြင့် တစစီပေါက်ကွဲသော ရှေ့ထွက်မိုင်းအမျိုးအစား။ ၎င်းအပြင် အမေရိကန်လုပ် M14 ပလပ်စတစ်မိုင်း၏ မိတ္တူဖြစ်သည်။

[၇] ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာကိုရှု။ ဤမိုင်းများပါဝင်သည်။ တရုတ်လုပ် အမျိုးအစား 58,59,69,72A ။ ဆိုဗီယက်လုပ် POMZ-2,POMZ-2M,PMN, PMD-6, US M14, M16A1, M18 ။ နှင့် အိန္ဒိယနှင့် ဗြိတိသျှလုပ်မိုင်း LTM-73, LTM-76 ။

ကိုမှု မသိရှိရပါ။ သို့ရာတွင် ထုတ်လုပ်သုံးစွဲမှုကိုမူ နည်းလမ်းတကျတရား ဝင်ရပ်ဆိုင်းခြင်း တာမြစ်ခြင်းမရှိသေးချေ။

## အသုံးပြုခြင်း

ရေရှည်ဆင်နွှဲလျှက်ရှိသော ပြည်တွင်းစစ်ပွဲကာလအတွင်း မြန်မာ့တပ်မတော် တပ်ဖွဲ့များနှင့် အစိုးရကို လက်နက်ကိုင်တိုက်ပွဲဝင်လျှက်ရှိသော အင်အားစုများသည် လူသတ်မိုင်းများကို အဆက်မပြတ်အသုံးပြုလျှက် ရှိကြသည်။ ၎င်းတို့သည် ၂၀၀၇–၂၀၀၈ ခုနှစ်များအတွင်း ကရင်၊ ကရင်နီ (ကယား) မွန်နှင့် ရှမ်းပြည်နယ်များတွင် လည်းကောင်း၊ ပဲခူးနှင့် တနင်္သာရီ တိုင်းများတွင်လည်းကောင်း မိုင်းများကို ဆက်လက်အသုံးပြုခဲ့ကြသည်။[၇]

၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းသော မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလည်၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း၌ မြေမြှုပ်မိုင်များ အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းမှုကိုဖော်ပြခဲ့သည်။ ၎င်းမှာ "တိုင်းရင်းသားနယ်မြေများတွင် ဆင်နွှဲသည့် စစ်ဆင်ရေးများအတွင်း ဆိုးရိမ်ဘွယ်အကောင်းဆုံး အသွင်လက္ခဏာမှာ အရပ်သားလူထုအပေါ် အချိုးအစား မညီမျှသည့် အကျိုးသက်ရောက်မှုဖြစ်သည်။ ထို့အပြင် လူသတ်မိုင်းများအသုံးပြုသည့်အကျိုးဆက်အဖြစ် လူထုများ သေဆုံးခြင်း၊ ထိတ်လန့်ခြောက်ခြားစေခြင်း၊ နေထိုင်မှုပျက်ယွင်းခြင်းအစရှိသဖြင့် စွန့်စားမှုအန္တရာယ်တိုးမြင့်လာသည်ကို ယေဘုယျအသွင်အဖြစ် တွေ့မြင်ရသည်။"[၈]

ပဋိပက္ခဖြစ်ပွားရာ အချို့သောဒေသများအတွင်း အိုးပစ်၊ အိမ်ပစ် ရွှေ့ပြောင်းနေထိုင်ကြသောလူထုများကို ဆေးဝါးနှင့် အခြားအကူအညီပေးအပ်လျှက်ရှိသည့် အဖွဲ့အစည်းတခုဖြစ်သော လွတ်လပ်သော မြန်မာနိုင်ငံရိန်းဂျားတပ်ဖွဲ့က အစီအရင်ခံတင်ပြသည်။ ယင်းတို့အနက် အောက်ပါတို့ပါဝင်သည်။ ၂၀၀၇ ခုနှစ်ဩဂုတ်လတွင် မြန်မာ့တပ်မတော် တပ်မ (၈၈) သည် မူးသရော်ခရိုင်နှင့် တောင်ငူနယ်စပ်တလျှောက်ရှိ လေး

[၇] မြန်မာနိုင်ငံတွင် ပြည်နယ်များနှင့် တိုင်းများတည်ရှိသည်။ ၎င်းတို့သည် တိုင်းပြည်၏ အောက် တဆင့်နိမ့်၍ အသွင်အားဖြင့်တူညီသည့် အုပ်ချုပ်မှုခရိုင်များဖြစ်ကြသည်။ ပြည်နယ်များသည် တိုင်းရင်းသားအုပ်စုများ မူရင်းနေထိုင်ရာဒေသဖြစ်သည်။ တစုံတခု သောတိုင်းရင်းသားအုပ်စု၏ မူရင်းနေထိုင်ရာဒေသအဖြစ် တွေ့မြင်ရခြင်း မရှိသောနေရာများကို တိုင်းများဟုခေါ်သည်။

[၈] ကုလသမဂ္ဂအထွေထွေညီလာခံ "မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အထူးကိုယ်စာလှယ် ပေါလို ဆာဂျီရို ဖင်ဟေးရိုး ၏အစီရင်ခံစာ" A/62/223,13 August 2007, အပိုဒ် (၅၁) ။

ကေရွာသို့ ဝင်ရောက်လာခဲ့ပြီး ရွာသားများ ရွာအပြန်ကို ဟန့်တားရန် ရွာပတ်လည်နှင့် ရွာထဲတွင် လူသတ်မိုင်းများမြှုပ်ခဲ့သဖြင့် ရွာသားများအနက် တဦးသေဆုံးခဲ့သည်။[၁၀] ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင် တပ်မတော်တပ်ဖွဲ့များသည် ပဲခူးတိုင်း မုံးမြို့နယ် ယောကီရွာတွင် မိုင်းများမြှုပ်ခဲ့သည်။[၁၁] ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် တပ်မတော်တပ်ဖွဲ့များသည် ပဲခူးတိုင်း ကျောက်ကြီး မြို့နယ် လေးဝါးရွာ၌ မိုင်းများမြှုပ်ခဲ့သည်။ [၁၂]

တပ်မတော်က လူသတ်မိုင်းများအသုံးပြုသဖြင့် အောက်ပါထိခိုက်မှုများဖြစ်ပွားခဲ့ကြောင်း ကရင်လူ့အခွင့် အရေးအုပ်စုက အစီရင်ခံသည်။ ၂၀၀၇ ခုနှစ် ဇွန်လ (၄) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နယက)၏ ခြေမြန်တပ်မ (၆၀) မှ စစ်သားများသည် ကွဲခြံ၊ သပြေကုန်း၊ သံပိုလ်၊ အောင်စိုးမိုးရွာများရှိ ရွာသားများကို ရွာပြင်မထွက်ရန် အမိန့်ပေးခဲ့သည်။ စစ်သားများက အဆိုပါရွာများ၏ ပတ်ပတ်လည်တွင် မိုင်းများချထားခဲ့သောကြောင့်ဖြစ်သည်။ ၂၀၀၇ ခုနှစ် ဇွန်လ (၁၅) ရက်နေ့တွင် ခြေမြန်တပ်ရင်း ၅၉၉ မှ စစ်သားများသည် ဆားလေရွာမှ ရွာသားများကို ရွှေဖေါင်းကျားရွာသို့ အတင်းအဓမ္မရွှေ့ပြောင်းခဲ့ကြသည်။ ထို့အပြင် စွန့်ပစ်ထားခဲ့သောရွာသို့ ရွာသားများ ပြန်လည်ဝင်ရောက် နိုင်ခြင်းမရှိစေရန် ရွာဝန်းကျင်တွင် မိုင်းများမြှုပ်နှံပြီး ဟန့်တားခဲ့သည်။ ၂၀၀၇ ခုနှစ် ဇွန်လ (၁၇) ရက်နေ့တွင် နယက ၏ ခြေမြန်တပ်ရင်း ၅၉၉ မှ စစ်သားများသည် ရွာသားများတောတွင်း ဝင်ရောက်၍ အစားအစာရှာဖွေနိုင်ခြင်းမရှိစေရန် ဆားလေရွာအနီးတဝိုက်တွင် မြေမြှုပ်မိုင်းများ မြှုပ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ရွာသားသုံးဦးသေဆုံးခဲ့သည်။ ယင်းတို့မှာ ညောင်လေးပင် ခရိုင်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် ထွက်ပြေးသွားခဲ့သော ရွာသားများ ရွာကိုပြန် မလာနိုင်စေရန် နအဖ စစ်သားများသည်ဖာပွန်ခရိုင်လေးပိုဒဲရွာတွင်မိုင်းများမြှုပ်ခဲ့သဖြင့်ရွာသားတဦးသေဆုံးခဲ့သည်။[၁၃]

---

[၁၀] လွတ်လပ်သော မြန်မာနိုင်ငံရိန်းဂျာတပ်ဖွဲ့ FBR "မြန်မာစစ်တပ်၏ မြေမြှုပ်မိုင်းကြောင့် မျက်စိကန်းသွားသော ၁၃နှစ်သားကလေး" 5 December 2007, www.freeburmarangers.org

[၁၁] FBR "မြန်မာ့တပ်မတော် အမျိုးသမီးနှစ်ဦးကို ပစ်သတ်၊ အိမ်များကိုမီးရှို့၊ ၁၃၀ ကျော် ထွက်ပြေးရအောင် အတင်းအကြပ်ပြုလုပ်" 17 October 2007, www.freebu rmarangers.org

[၁၂] FBR "မြန်မာ့တပ်မတော်တပ်ဖွဲ့များ ရွာသားများနှင့် အိုးပစ်၊ အိမ်ပစ် အခြေမဲ့နေထိုင်ရသူများကို သတ်။ ၎င်းတို့သည် ယခုအချိန်တွင် မြန်မာနိုင်ငံ ကရင်ပြည်နယ်မြောက်ပိုင်း၌ တပ်ရင်းကိုး ဆယ်ကျော် ချထားသောကြောင့်ဖြစ်" 10 January 2008, www.freeburmaranger.org

[၁၃] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ အီးမေးလ်၊ ၂၀၀၈ ခုနှစ် မတ်လ ၄ ရက် အီးမေးလ်မှ ပေးပို့သော မှတ်တမ်းများတွင် ၂၀၀၇ မေလမှ ၂၀၀၈ ဖေဖေါ်ဝါရီလအတွင်း ဒေသအမျိုးမျိုးမှ သက်သေခံဖော်ပြချက်များအပေါ် အခြေခံလျှက် KHRG မှစု ဆောင်း၍ ပုံနှိပ်ဖော်ပြခြင်း မပြုရသေးသည်များနှင့် ပုံနှိပ်ဖော်ပြီးသည်များ ပါဝင်သည်။

အတိုက်အခံ ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အဆိုအရ နယက သည် တိုင်းရင်းသား ကရင်ဒေသများတွင် မြေမြှုပ်မိုင်းများကို ဆက်လက် အသုံးပြုနေဆဲဖြစ်သည်။ ထိခိုက်မှုများအနက် အောက်ပါတို့ပါဝင်သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ထီးစောမယ်တွင် စခန်းချထားသော နအဖတပ်ဖွဲ့များသည် ထိုဒေသ တဝိုက်တွင် မြေမြှုပ်မိုင်းများ မြှုပ်ထားပြီး ရွာသားများအလုပ်မသွားနိုင်စေရန် ပိတ်ပင်ထားခဲ့သည်။ ၂၀၀၇ ခုနှစ် ဇွန်လ (၄) ရက်နေ့တွင် ခြေမြန် တပ်ရင်း (၆၀) မှ နအဖ တပ်ဖွဲ့များသည် ကျွဲခြံ၊ သပြေကုန်း၊ အောင်စိုးမိုးနှင့် သံပိုလ်ရွာများမှ ရွာသားများအား ၎င်းတို့ရွာဝန်းကျင်တွင် မြေမြှုပ်မိုင်း (၂၅၀) မြှုပ်ထားပြီးဖြစ်ကြောင်းပြောဆိုပြီး ရွာပြင်မထွက်ရန် အမိန့်ပေးခဲ့သည်။[၁၄]

၂၀၀၇ ခုနှစ်၊ ဇူလိုင်လနှောင်းပိုင်း၌ သူပုန်လှုပ်ရှားမှုများအား ဟန့်တားရန်အတွက် နမ့်မတူရွာအနောက် မြောက်ဘက် နှစ်မိုင် (၃ ဒသမ၊ ၂ ကီလိုမီတာ) အကွာ ရေထွက်တဝိုက်နေရာများတွင် လွိုင်လင်းလေးရွာအခြေပြု နယက ခြေမြန်တပ်ရင်း (၅၃၀) က မိုင်းများမြှုပ်ထားကြောင်းဖြင့် လွိုင်ကော်မြို့နယ်ရှိဒေသခံရွာသားများက သတင်း ပေးပို့သည်ဟူ၍ ကွန်ယက်မီ ဒီယာအုပ်စုက အစီရင်ခံခဲ့သည်။[၁၅] ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း နယက တပ်ဖွဲ့များ သည် ကော့ကရိတ်နှင့် သဃ်န်းညီနောင် လမ်မကြီးများတလျှောက်၌ မိုင်များချထားကြောင်းဖြင့် ကေအင်ယူ၏ သတင်းများကို ကိုးကားလျှက် ကောက်ဝေါင် သတင်းဌာနကဖော်ပြခဲ့သည်။[၁၆]

## အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ

နိုင်ငံအတွင်းတွင် တိုင်းရင်းသားသူပုန်အဖွဲ့ပေါင်းများစွာရှိသည်။ ၁၉၉၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ယင်းသို့သော အဖွဲ့အစည်းပေါင်း (၁၇) ဖွဲ့က လူသတ်မိုင်းများကို အသုံးပြုလျှက်ရှိကြောင်းဖြစ် မြေမြှုပ်မိုင်းလေ့ လာစောင့်ကြည့်ရေးအဖွဲ့က ဖော်ပြခဲ့

---

[၁၄] ကရင်အမျိုးသားအစည်းရုံး သတင်းထုတ်ပြန်ချက် ၅/၀၇ နှင့် ၂၂/၀၇၊ ၂၀၀၈ ဇွန်လ ၅ ရက်နေ့တွင် အီးမေးလ်ဖြင့်ပေးပို့သည်။

[၁၅] အောင်မိုးမြင့် "မြေမြှုပ်မိုင်းက လယ်ယာများတွင် အလုပ်လုပ်နေသော လယ်သမားများအား တားဆီး"၊ ကွန်ယက်မီဒီယာအုပ်စု၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၇ ရက် www.nmg-news.com

[၁၆] "ကရင်ပြည်နယ်လမ်းမကြီးပေါ်တွင် နအဖက မြေမြှုပ်မိုင်း (၁၀၀၀) ကျော်ကိုချထားခြင်း"၊ ကောင်ဝေါင် သတင်းဌာန၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာ (၅) ရက်၊ www.bnionline.net

ပြီးဖြစ်သည်။ ၎င်းအဖွဲ့အစည်းများအအချို့တို့မှာ မတည်ရှိကြတော့ (သို့မဟုတ်) မြေမြှုပ်မိုင်းများကို အသုံးမပြုကြတော့ပါ။

ယခင်ကတိုက်ပွဲဝင်ခဲ့သော အဖွဲ့အစည်းများနှင့် ယခုအချိန်အထိတိုက်ပွဲဝင်ဆဲဖြစ်သော အဖွဲ့အစည်းများ အပါအဝင် အတိုက်အခံ လက်နက်ကိုင်အဖွဲ့အစည်း စုစုပေါင်း (၆) ဖွဲ့သည် NGO ဂျီနီဗာတောင်းဆိုမှုက စီမံခန့်ခွဲ သော "သံန္နိဋ္ဌာန်ချ မှတ်ချက်စာချုပ်"ကို လက်မှတ်ရေးထိုး[၇]ကာ (ချင်းအမျိုးသားတပ်ဦးနှင့် တပ်မတော်လည်း ပါဝင်သည်။) ၎င်းလူသတ်မိုင်းများ အသုံးပြုခြင်းကို တဖက်သတ်စွန့်လွှတ်ခဲ့ကြသည်။

ယင်းအဖွဲ့အစည်းများစာရင်းတွင် လူသတ်မိုင်များကို ထုတ်လုပ်ခြင်း အသုံးပြုခြင်းနှစ်မျိုးလုံး လုပ်ဆောင်ကြောင်းဖြင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်အဖွဲ့က ဖော်ထုတ်တင်ပြထားသော ချင်းအမျိုးသားတပ်ဦးနှင့် တပ်မ တော်လည်းပါဝင်သည်။

## အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ – အသုံးပြုခြင်း

မတူကွဲပြားသော လက်နက်ကိုင်အင်အားစုများနှင့် နယက အကြားတွင် ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခသည် ကျဆင်းသွားခဲ့ပုံရှိသည်။ သို့ရာတွင် မြေမြှုပ်မိုင်းအသုံးပြုမှုမှာ နိုင်ငံအတွင်း အိုးပစ်၊ အိမ်ပစ် ရွှေ့ပြောင်း နေထိုင်ကြရသူ လူထုများနှင့် ကျေးရွာသားအမြောက်အများကို ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအင်န်အယ်လ်အေ)၊ ကရင်နီ တပ်မတော်၊ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော် (ဒီကေဘီအေ)၊ ရှမ်းပြည်တောင်ပိုင်း တပ်မတော် (အက်စ်အက်စ်အေ)၊ မွန်ပြည်ပြန်လည်တည်ဆောက် ရေးပါတီ၊ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် အခြားအစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း အမြောက်အများသည် ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ် စောစောပိုင်းကာလများတွင် လူသတ်မိုင်းများကို ဆက်လက်အသုံးပြု ခဲ့ကြသည်။

၎င်းအပြင် လူသတ်မိုင်းအသုံးပြုသော အဖွဲ့အစည်းအဖြစ် ယခင်ကထုတ်ဖော်ခံခဲ့ ရဘူးခြင်းမရှိသော လက်နက်ကိုင် အင်အားစုတရပ်သည် ယင်းသို့အသုံးပြုခဲ့

[၇] လားဟူ ဒီမိုကရက်တစ်တပ်ဦး၊ ပလောင်ပြည်ပြည်သူ့တပ်ဦးနှင့် ပအို့ဝ်ပြည်သူ့ လွတ်မြောက်ရေးတပ်ဖွဲ့တို့က မြေမြှုပ်မိုင်းအသုံးပြုမှုတို့ကို ၂၀၀၇ ဧပြီလတွင် စွန့်လွှတ်ခဲ့သည်။ ချင်းအမျိုးသားတပ်မတော်က ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် မြေမြှုပ်မိုင်းအသုံးပြုမှုကို ရခိုင်ရိုဟင်ဂျာအမျိုးသားအဖွဲ့နှင့် ရခိုင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (၎င်းအဖွဲ့နှစ်ခုစလုံးမှာ ယခုအချိန်တွင် စစ်ရေးအရလှုပ် ရှားနိုင်သည့်အခြေအနေမရှိတော့ပါ)။

ကြောင်း ဖော်ပြသည့်သက်သေခံချက်များကို တွေ့ရှိခဲ့ပြီးဖြစ်သည်။ ရှမ်းပြည်တွင် လုပ်ငန်းတာဝန်ထမ်း ဆောင်လျှက်ရှိသော အဖွဲ့အစည်းတခု၏အဆိုအရ ဝ စစ်ဘုရင် မဟာဂျာ၏ တောင်ပိုင်းရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အက်စ်) သည် ရှမ်းပြည်တောင်ပိုင်း တပ်မတော် (အက်စ်အက်စ်အေ) စခန်းချထားသော ဒွိုင်တိုင်းလင်း အနီးတဝိုက်၌ မိုင်းများမြှုပ်ခဲ့သည်။[၁၈]

၂၀၀၇ ခုနှစ်အတွင်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၊ ကရင်နီ တပ်မတော်နှင့် ရှမ်းပြည်တောင်ပိုင်း တပ်မတော် (အက်စ်အက်စ်အေ) အဖွဲ့အစည်များမှ လက်နက်ချလာသူများထံမှ မိုင်းများပြန်လည်ရရှိကြောင်းဖြင့် နယက က ကြေငြာခဲ့ သည်။[၁၉]

ဖါပွန်၊ တောင်ငူနှင့် ဖါးအံခရိုင်များရှိ ရွာသားများက ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ကေအင်န် အယ်လ်အေ) သည် ၎င်းတို့ရွာများအနီးတဝိုက်တွင် မိုင်းများအသုံးပြုသည်ကို အတည်ပြုပြောဆိုကြောင်းဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့က အစီရင်ခံခဲ့သည်။ ဒီကေဘီအေ တပ်ရင်း (၁) သည် မိမိရွာအနီးတဝိုက်တွင် မိုင်းများချသဖြင့် သေကြေမှုများရှိခဲ့ကြောင်း သထုံခရိုင်ရှိ ရွာသားတဦးက ထုတ်ဖော်ပြောဆိုသည်။ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်သည် အနီးတဝိုက်ရှိ တောင်များနှင့် ချိုင့်ဝှမ်းများတွင် မိုင်းများချထားခဲ့ကြောင်းဖြင့် တောင်ငူခရိုင်ရှိ ရွာသားတဦးကပြောဆိုသည်။[၂၀]

မွန်ပြည် ပြန်လည်တည်ဆောက်ရေးပါတီက ၎င်းတို့သည် နယက တပ်များကို ဆန့်ကျင်တိုက်ပွဲဝင်ရန်မိုင်းများကို အသုံးပြုကြောင်းဖြင့် ၂၀၀၇ ခုနှစ် အောက်တိုဘာ

---

[၁၈] တောင်ပိုင်းရှမ်းပြည်တပ်မတော်ကို ရှမ်းပြည်တပ်မတော် တောင်ပိုင်းနှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၅ မှ ၁၈ ရက်နေ့အတွင်း တွင် ရှမ်းပြည်တောင်ပိုင်း လွိုင်တိုင်းလင်းဒေသတွင် အခြေစိုက်တပ်စွဲနေရာယူထားသော ရှမ်းပြည်တောင်ပိုင်းတပ်မတော်၏ ရှေ့မျက်နှာစာများ၌ မြှုပ်ထားသောမိုင်းများကို ရှောင်ကွင်းကြရန် တောင်ပိုင်းရှမ်းပြည်တပ်မတော်က လွတ်လပ်သောမြန်မာပြည် ရိန်းဂျာတပ်ဖွဲ့၏ သက်သာချောင်ချိရေးအဖွဲ့က သတိပေးခဲ့သည်။

[၁၉] "လက်နက်ကိုင်အဖွဲ့အစည်းတခုမှ အဖွဲ့ဝင်(၂၅)ဦး လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခြင်း" ၂၀၀၇ ဇန်နာဝါရီလ (၂၃) မြန်မာ့အလင်းသတင်းစာ။ နှင့် "လက်နက်ကိုင်အဖွဲ့အစည်းတခုမှ အဖွဲ့ဝင်စုစုပေါင်း(၂၇)ဦး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်း" ၂၀၀၇ ခုနှစ် ဒီဇင်ဘာ (၃၀) မြန်မာ့အလင်း။

[၂၀] ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၀၈ ခုနှစ် မတ်လ ၇ ရက်။

လတွင် ဝန်ခံခဲ့သည်။ သို့ရာတွင် အဆိုပါဒေသအတွင်း၌ အရပ်သားလူထုများ အသေ အပျောက်ရှိခြင်းအတွက် တာဝန်ရှိမှုကိုမူ ငြင်းဆန်ခဲ့သည်။[၂၁]

အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများက မိုင်းအသုံးပြုမှုနှင့် စပ် လျဉ်း၍ အတည်မပြုနိုင်သော အစီရင်ခံချက်များရှိသည်။[၂၂] ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်မှ ခွဲထွက်သွားသော အုပ်စုအမျိုးမျိုးသည် လက်နက်များကိုင်စွဲ ထားဆဲဖြစ်သည်။[၂၃] အဆိုပါအုပ်စုများသည် မိုင်းများကို ဆက်လက်အသုံးပြုနေ ကြောင်း စွပ်စွဲပြောဆိုမှုများရှိသည်။ ယခင်က မိုင်းအသုံးပြုခဲ့သော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းအတော်များများသည် စစ်ရေးအရ လှုပ်ရှားနိုင်သည့် အနေအထားမရှိတော့ချေ။ အချို့မှာ ခါးပြအုပ်စုများအဖြစ်သို့ ပြောင်းလဲသွား ခဲ့ပြီးဖြစ် သည်။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်သည် မိမိတို့အုပ်စုတွင် တိုက်ပွဲ အနေဖြင့် ဒီကေဘီအေကို တိုက်ခိုက်ရာတွင် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ၌ မော်တော် ယဉ်ဖျက်မိုင်းကို အသုံးပြုခဲ့ကြောင်းဖြင့် စွပ်စွဲမှုများရှိခဲ့ သည်။ ယင်းတိုက်ပွဲအတွင်းတွင် ခရီသည်တင်ကာအပေါ် ပါ အရပ်သားလူထုသေဆုံးမှုများ ရှိခဲ့သည်။[၂၄]

---

[၂၁] "ပေါက်ကွဲသောမိုင်းများကို ကျွန်ုပ်တို့ချထားခြင်းမဟုတ်ပါ၊ မွန်ပြည်ပြန်လည်တည်ဆောက်ရေးပါ တီ" မွန်ပြည်ပြန်လည်တည်ဆောက်ရေးပါတီကို ယခင်က ဟံသာဝတီပြန်လည်တည်ဆောက်ရေး ပါ တီဟု ခေါ်ခဲ့သည်။ မြေမြှုပ်မိုင်းလေ့လာ စောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် အစီရင်ခံစာကိုရှု။ စာ မျက် နှာ ၉၃၈ – ၉၃၉။

[၂၂] ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ ကရင်နီအမျိုးသားစည်းလုံးရေးတပ်ဦး၊ ကယန်းပြည်သစ်ပါတီ၊ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်မတော်နှင့် မုန်ထိုင်းတပ်မတော်တို့ သည် မြေမြှုပ်မိုင်းများအသုံးပြုကြောင်းဖြင့် စွပ်စွဲပြောဆိုမှုများရှိကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့် ရေးအဖွဲ့က သတိပြုခဲ့သည်။ အဆိုပါအဖွဲ့များအနက်မှ မည့်သည့်အဖွဲ့မှ မိုင်းကိုစွန့်လွှတ်ကြောင်း လူသိရှင်ကြားကြေငြာခြင်းမရှိသေးပါ။ သို့ရာတွင် ဤအစီရင်ခံစာ ထုတ်ပြန်သည့်ကာလအတွင်း ၎င်း အဖွဲ့များအနေ ဖြင့်မိုင်းကိုအသုံးပြုခဲ့ကြောင်းတိတိကျကျ မသိရပါ။

[၂၃] ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ ခွဲထွက်ရေးအဖွဲ့ ကနေ၍ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ကရင်အမျိုးသားတပ်မတော် တပ်မဟာ ၆ ခွဲထွက်ရေးအဖွဲ့က ဟောင်သရောအထူး ဒေသကို ဖွဲ့စည်းခဲ့သည်။ ဘုရားကုန်းအထူးဒေသအုပ်စုတွင် ၁၉၉၈ ခုနှစ်တွင် ပြိုကွဲသွားခဲ့ သည်။

[၂၄] "မြန်မာနိုင်ငံတွင် ချုံခိုတိုက်ခိုက်ခြင်းခံရ၍ ကရင်တိုင်းရင်းသားများသေဆုံးခြင်း" အယ်ဂျာစီရား၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ (၂၀)၊ www.aljazeera.net

# အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ ထုတ်လုပ်မှု သိုလှောင်ထားရှိမှုနှင့် လွှဲပြောင်းမှုများ

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ဒီကေဘီအေ၊ ဝပြည် သွေးစည်းညီညွတ်ရေးပါတီနှင့် ကရင်နီ တပ်မတော်တို့သည် တစစီပုံ့နှံ့ပေါက်ကွဲသောမိုင်းများကို ထုတ်လုပ်ကြောင်းဖြင့် မြေမြှုပ်မိုင်းလေ့လာစောင့် ကြည့်ရေးအဖွဲ့က ရှေ့ပိုင်းတွင် အစီရင်ခံခဲ့ပြီးဖြစ်သည်။

အချို့သောအဖွဲ့အစည်းများသည် ကလေးမိုး အမျိုးအစားရှေ့ထွက် ပေါက်ကွဲမိုင်းများနှင့် ပေါက်ကွဲစေသော ထောင်ချောက်မိုင်းများကိုလည်း ပြုလုပ်ကြသည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် မိုင်းများကို လက်နက်မှောင်ခို ဈေးကွက်မှ လည်းကောင်း၊ နယက သိုလှောင်ထားသည့်နေရာများကိုသိမ်းယူ၍ လည်းကောင်း၊ နယက မြှုပ်ထားသည့်မိုင်းများကို မြေကြီးထဲမှဖေါ်ထုတ်၍ လည်းကောင်း ရရှိကြသည်။[၂၅] နယက နှင့် အပစ်အခတ် ရပ်ရေးလုပ်ထားသော အတိုက်အခံ အဖွဲ့အစည်းအချို့သည် လူသတ်မိုင်းများကို လယ်ဝယ်ထားရှိ ဆဲပင်ရှိသေးသည်။[၂၆]

လူသတ်မိုင်း လေးဆယ်၊ ငါးဆယ်ခန့်ကို ယခင်က လက်ဝယ်ထားရှိခဲ့သော ပလောင်ပြည်လွတ်မြောက်ရေး တပ်ဦးက ထိုမိုင်းများကိုဖျက်ဆီးရန် လွှဲအပ်ပေးခြင်းမရှိသော အခြားအုပ်စုက ထိမ်းသိမ်းထားရှိကြောင်း ယခုအချိန်တွင် ထုတ်ဖေါ်ကြေငြာသည်။[၂၇] လားဟူဒီမိုကရက်တစ်တပ်ဦးက စတင်ဖျက်ဆီးလိုက်ပြီးဖြစ်ကြောင်း "ဂျီနီဗာတောင်းဆိုမှု"သို့ သတင်းပေးပို့ခဲ့သည်။ "သံန္နိဌာန်ချမှတ်ချက်" စာချုပ်အရ ထားရှိသော ကတိကဝတ်ကို ရည်ညွှန်းလျက် ၎င်းတို့အဖွဲ့အစည်း အနေဖြင့် သိုလှောင်ထားသော လူသတ်မိုင်း ၃၀၀ မှ ၄၀၀ အထိအရေအတွက်ကို စတင်ဖျက်ဆီး လိုက်ကြောင်း "ဂျီနီဗာ တောင်းဆိုမှု"သို့ သတင်းပေးပို့ခဲ့သည်။[၂၈]

---

[၂၅] ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအစီရင်ခံစာ စာမျက်နှာ ၉၃၉၊ ၉၄၀ ကိုရှု။

[၂၆] တစ်ဒါဇင်ခန့်မျှသောလက်နက်ကိုင်အဖွဲ့အစည်းများသည် နအဖနှင့် အပစ်အခတ်ရပ်စဲရန် နှုတ်အားဖြင့် သဘောတူညီမှု ရရှိခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့အား မကြာခဏပင် အပစ်အခတ်ရပ်စဲရေးဟု ရည်ညွှန်းပြောဆိုသော်လည်း မည်သည့်အဖွဲ့အစည်းမျှ စေ့စပ်ဆွေးနွေးနိုင်သည့်အနေအထားသို့ ရောက်သည်အထိ ဦးတည်သွားစေမည့် အပစ်အခတ်ရပ်ဆဲရေးသဘောတူညီချက်ကို နည်းလမ်းတကျလက်မှတ်ထားခြင်းမရှိသေးပါ။ အဖွဲ့အစည်းများအားလုံးသည် လူသတ်မြေမြှုပ်မိုင်းများ အပါအဝင် ၎င်းတို့၏ လက် နက်များအားလုံးကို လက်ဝယ်ထားရှိဆဲ ဖြစ်သည်။

[၂၇] ဂျီနီဗာတောင်းဆိုမှု အာရှစီမံချက်ညွှန်ကြားရေးမှူး ကက်သရင်း ကရိန်းမားထံမှ ၂၀၀၈ ခုနှစ် ဇွန်လ ၁၀ နေ့ ရက်စွဲဖြင့် ပေးပို့သော အီးမေလ်။

[၂၈] အထက်ပါအီးမေးလ်။

# မြေမြှုပ်မိုင်း စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သောပစ္စည်းများ

မြေမြှုပ်မိုင်းအမြောက်အများသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့၏ နယ်စပ်ဒေသများတွင်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုင်းရင်းသားလူနည်းစုများ ဆယ်စုနှစ်များ ကြာညောင်းစွာ တိုက်ပွဲဝင်လျှက်ရှိသည့် နိုင်ငံအရှေ့ပိုင်းဒေသများတွင် လည်းကောင်း၊ စုပုံလျှက်ရှိနေသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ တိုင်းနှင့် ပြည်နယ် (၁၄) ခုအနက် (၁၀) ခုသည် ကျန်ရှိနေဆဲဖြစ်သော လူသတ်မိုင်းများ၏ အန္တရာယ်ကို အတိုင်းအတာတစုံတရာအထိ ခံစားနေရဆဲဖြစ်သည်။ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းများ သည် မိုင်းဒဏ်ကို အပြင်းအထန်ဆုံးခံစားရသောဒေသများတွင် အပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ကျယ်ပြန့်သောမိုင်းကွင်းသည် ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်တလျှောက်အရှည်ရှိသည်။ လူသိသော အချို့သောမိုင်းနယ်မြေများသည် ပဲခူးနှင့် မန္တလေးတိုင်းများ၊ မွန်၊ ချင်းနှင့် ကချင်ပြည်နယ်များတွင် တည်ရှိကြသည်။[၂၉] စစ်အကြွင်းအကျန်ပေါက်ကွဲ စေတတ်သော ပစ္စည်းများသည် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိသည်။[၃၀]

အစိုးရကိုဆန့်ကျင်တိုက်ပွဲဝင်လျှက်ရှိသော တိုင်းရင်းသားလူနည်းစုတပ်ဖွဲ့များအပေါ် ဆင်နွှဲလျှက်ရှိသော ထိုးစစ်၏ အစိပ်အပိုင်းအနေဖြင့် အစိုးရတပ်များသည် ၂၀၀၇နှင့် ၂၀၀၈ ခုနှစ်များအတွင်းတွင် မိုင်းများကိုဆက်လက် အသုံးပြုလျှက်ရှိကြောင်းဖြင့် မြန်မာနိုင်ငံအရှေ့ပိုင်းပြည်နယ်များနှင့် ထိုင်းနယ်စပ်တလျှောက်ရှိ တိုင်းရင်းသားလူနည်းစု အဝန်းအဝိုင်းများက အစီရင်ခံတင်ပြသည်။ ယင်းသို့ဖြင့် မိုင်းဒဏ်ကိုအဆိုးအဝါးဆုံး ခံစားခဲ့ရပြီးသော တိုင်းပြည်၏ အစိပ်အပိုင်းများတွင် ပြဿနာမှာ ပို၍ဆိုးဝါးလာကြောင်း သုံးသပ်ထောက်ပြသည်။[၃၁]

တပ်မတော်နှင့် အပေါင်းအပါ လက်နက်ကိုင်အုပ်စုများသည် ၎င်းတို့ကို ဆန့်ကျင်တိုက်ပွဲဝင်လျှက်ရှိသော လက်နက်ကိုင်အင်အားစုများအား အရပ်သားလူထုနှင့် အဆက်ပြတ်စေရန် မိုင်းအမြောက်အများကို အသုံးပြုကြောင်း၊ ယင်းမှာ လူထုအနေ

---

[၂၉] မြန်မာနိုင်ငံတွင် မိုင်းများကျန်ရှိနေမှုများနှင့် စပ်လျဉ်းသောအသေးစိပ်ကိစ္စများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ မှ ယခင်ကထုတ်ဝေခဲ့ဖူးသော အစီရင်ခံစာများကိုရှု။

[၃၀] ၂၀၀၇ ခုနှစ် မတ်လ ၇ နှင့် ၉ ရက်နေ့များတွင် ပြည်တွင်းအိုးပစ် အိမ်ပစ် အခြေမဲ့နေထိုင်ကြရသော ကရင်လူထုများဆိုင်ရာ ကော်မတီမှ ပေးပို့သော သတင်း။

[၃၁] ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ထုတ်ဝေသောအစီရင်ခံစာ စာမျက်နှာ ၇၉၅၊ ၇၉၉ ကိုရှု။

ဖြင့် အသက်မွေဝမ်းကြောင်းမှုနှင့် ရိက္ခာများ လက်လွတ်ဆုံးရှုံးစေရေးအတွက် အစိုးရက တစိုက်မတ်မတ်ကျင့်သုံးလျှက်ရှိသော မူဝါဒ၏ အစိပ်အပိုင်းဖြစ်ကြောင်းဖြင့် လူ့အခွင့်အရေး အဖွဲ့အစည်းများက စွပ်စွဲသည်။[၃၂]

တိုင်းရင်းသားအဖွဲ့အစည်းများ၏ စစ်ဘက်ဆိုင်ရာအင်အားစုများနှင့် သာမန်ရွာသားများသည်လည်း အစိုးရတပ်ဖွဲ့များ၏ လှုပ်ရှားမှုကို အနှောက်အယှက်ပေးရန် မိုင်းများကိုမြှုပ်နှံ့တပ်ဆင် အသုံးပြုကြသည်။[၃၃]

မိုင်းများကျန်ရှိနေမှုကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကလောမြို့ပတ်ဝန်းကျင်၊ မိုင်းပန်မှ မိုင်းတုံရောက်သည်အထိ နယ်မြေများနှင့် လားရှိုးမြို့အရှေ့ပိုင်းဒေသများတွင် တွေ့ရှိရကြောင်း အစီရင်ခံတင်ပြသည်။ အာဏာပိုင်များ၏ ခွင့်ပြုချက်မရှိသော လူဦးရေရွှေ့ပြောင်းမှုများကို ဟန့်တားရန် ကရင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများနှင့် တိုင်းရင်းသားလူနည်းစုများ ပုန်ကန်လျှက်ရှိသည့်ဒေသများသို့ ဖေါက်လုပ်ထားသော လမ်းမသစ်များ၏ဘေးတလျှောက်တွင် မကြာခဏ မိုင်းများကိုမြှုပ်နှံသည်။[၃၄]

လျှပ်စစ်ကြိုးတန်းကြီးများသည် ဘီလူးချောင်း (လောပီတ) ရေအားလျှပ်စစ်စွမ်းအားစက်ရုံမှ သွယ်တန်းလာပြီး ကရင်နှင့် ကရင်နီပြည်နယ်နှစ်ခုစလုံးကို ဖြတ်သန်းသွားသည်။ ၎င်းတို့ကိုဆောက်ထားသည့် မြော်စင်တိုင်ကြီးများ၏ အောက်ခြေများတွင်ရှိသည့် ခြံစည်းရိုးများနှင့် မိုင်းသတိပေးအမှတ်အသားများက ယင်းနေရာများတွင် မိုင်းများ မြှုပ်နှံထားကြောင်းကို ရည်ညွှန်းလျှက်ရှိသည်။ မွန်ပြည်နယ်အောက်ပိုင်းကို ဖြတ်သန်းပြီး ကရင်ပြည်နယ် ဘားအံမြို့ နယ် မြိုင်ကလေးကျေးရွာရောက်သည်အထိ သွယ်သန်းဆောက်ထားသော ကန်ဘောက်၊ မြိုင်ကလေး သဘာဝဓါတ် ငွေ့ပိုက်လိုင်း တလျှောက်တွင်လည်း အလားတူခြံစည်းရိုးများနှင့် အမှတ်အသားများကို တွေ့ရသည်။ ယင်းသဘာဝ ဓါတ်ငွေ့ပိုက်လိုင်းကို တနင်္သာရီတိုင်း ရေဖြူမြို့နယ်ရှိ တိုတယ်ကုမ္ပဏီ၏ ပိုင်းလိုင်း၌ာနက တည်ဆောက် လည်ပတ်နေ ခြင်းဖြစ်သည်။ ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်

[၃၂] ကရင်လူ့အခွင့်အရေးအုပ်စုမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အတွက် စုဆောင်းပေးသည့် ၂၀၀၇ ခုနှစ်မေလမှ ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလအတွင်းတွင် ပုံနှိပ်ထုတ်ဝေပြီး သို့မဟုတ် ပုံနှိပ်ဝေခြင်း မပြုရသေးသော မှတ်တမ်းများ။

[၃၃] ကရင်လူ့အခွင့်အရေးအဖွဲ့ "အနားမရှိ။ တောင်ငူခရိုင်ရှိ အိုးပစ် အိမ်ပစ်အခြေမဲ့ နေထိုင်ကြရသူများနှင့် ရွာသားများကို တိုက် ခိုက်မှုအသစ်များ "။ ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက် www.khrg.org

[၃၄] ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ စာမျက်နှာ ၈၆၁ ကိုရှု။ ယခင်အစီရင်ခံတင်ပြခဲ့သည်များ အပြင် ၂၀၀၇ ခုနှစ်အတွင်ရရှိသော သတင်းများအရ မွန်ပြည်နယ်တောင်ပိုင်း သံဖြူဇရပ်နှင့် ရေးမြို့အကြာတွင်လည်းကောင်း ပဲခူးတိုင်းအရှေ့ပိုင်း မုန်းမြို့တို့တွင် လည်းကောင်း လမ်းဘေးတွင်မြှုပ်ထားသောမိုင်းများကို တွေ့ရှိကြောင်းဖြင့် သိရသည်။

များတွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၏တိုက်ခိုက်မှုကိုခံရပြီး နောက် ပိုင်း၌ ပိုက်လိုင်းများ တလျှောက်မိုင်းများ မြှုပ်နှံထားခြင်းဖြစ်သည်ဟူ၍ စွပ်စွဲပြော ဆို ကြသည်။[၃၅]

ကျန်ရှိနေဆဲဖြစ်သောမိုင်းများသည် အချို့သောနယ်စပ်ဒေသများတွင် ရာ ထားမှု ဖွံ့ဖြိုးရေးစီမံချက်များကို အဟန့်အတားဖြစ်စေသည်။ ထိုဒေသများတွင် ကရင်နီ ပြည်နယ်အလယ်ပိုင်း ဘီလူးချောင်းရေအားလျှပ်စစ်စွမ်းအား စက်ရုံကဲ့သို့ အခြေခံအ ဆောက်အအုံစီမံချက်များအတွက် သတ်မှတ်ထားသည့် မြေများပါဝင်သည်။[၃၆] ကျောက် မျက် ရတနာသတ္တုတူးဖော်ရာ အနီးတဝိုက်ဒေသများလည်း ပါဝင်သည်။

## မိုင်းအသုံးပြုမှုလျှော့ချခြင်း

မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုအပေါ်အခြေခံပြီး မိုင်းများ ကိုရှင်းလင်းသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျှက်ရှိပြီဖြစ်ကြောင်းကို မသိရှိရ သေးပါ။ စစ်ရေးအရ ရှင်းလင်းမှုများနှင့် ကျေးရွာအလိုက်မိုင်း လျှော့ချရေးလုပ်ငန်းများ ကို ပြတ်တောင့်ပြတ်တောင့် ဆောင်ရွက်ခဲ့ကြောင်း လွန်ခဲ့သောနှစ်များက အစီရင်ခံ တင် ပြခဲ့ပြီးဖြစ်သည်။[၃၇]

လွတ်လပ်သော မြန်မာနိုင်ငံရိန်းဂျာတပ်ဖွဲ့၏ လုပ်ငန်းစဉ်တွင် ၎င်းတို့အဖွဲ့ဝင် များအနေဖြင့် မိုင်းများကိုသိရှိနိုင်ရေးနှင့် အရေးပေါ်မိုင်းရှင်းလင်းရေးလုပ်နည်းများကို သင်ကြားပို့ချခြင်းများပါဝင်သည်။ သို့ရာတွင် တွေ့ရှိရသော မိုင်းများကိုမူ ၎င်းတို့ ကိုယ်တိုင်ဖယ်ရှားခြင်းမပြုဘဲ နယက အား ဆန့်ကျင်တိုက်ပွဲဝင်နေကြသည့် စစ်ဘက် ဆိုင်ရာမှ ပုဂ္ဂိုလ်များ၏ အကူအညီကို ရယူသည်ဟု ဆိုသည်။ ၂၀၀၇ ခုနှစ်အတွင်းတွင် ရိန်းဂျာတပ်ဖွဲ့သည် မိုင်းများကို အနည်း ဆုံးအကြိမ်နှစ်ဆယ်ခန့် တွေ့ရှိခဲ့ရသည်။[၃၈]

---

[၃၅] ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလတွင် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကရရှိသော ဓါတ်ပုံများ။

[၃၆] ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့တွင် ထိုင်းနိုင်ငံခြေစိုက် အမည်မဖော်ပြလိုသော သတင်းစာ ဆရာတဦးနှင့် တွေ့ဆုံမေးမြန် ခြင်း။ ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံ စာ စာမျက်နှာ ၈၆၁ ကိုရှု။

[၃၇] အချို့သော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မြန်မာ့တပ်မတော်တို့သည် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်းဖြင့် ယခင်က အစီရင်ခံခဲ့ပြီးဖြစ်သည်။ အချို့ ဖြစ်ရပ်များတွင် အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့ အစည်းများသည် အစိုးရတပ်ဖွဲ့မှ မြှုပ်ထား သည့်မိုင်းများအား ဖော်ထုတ်ပြီးနောက် ပြန်လည်အသုံးပြုကြကြောင်းတွေ့ရသည်။

[၃၈] ၂၀၀၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဘန်ကောက်၌ လွတ်လပ်သော မြန်မာရိန်းဂျားတပ်ဖွဲ့ကို တည်ထောင်သူ ဒေးဗစ် ယူဘန့် နှင့် တွေ့ဆုံမေးမြန်းခြင်း။

## မိုင်းရှင်းလင်းရာ၌ ထိခိုက်မှုများ[၅၉]

မြန်မာနိုင်ငံတွင် အရပ်သားလူထုများအား ၎င်းတို့၏ဆန္ဒနှင့် ဆန့်ကျင်၍မိုင်းများကို သယ်ယူ၊ ရွေ့ပြောင်းစေမှုများလုပ်ဆောင်သည်ဟူသော စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ဖော်လိုက်ပြီးဖြစ်သည်။ မိုင်းရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အချို့လူထုများ ကိုယ်အင်္ဂါပြတ်တောက်ခြင်း၊ ချို့ယွင်းခြင်း၊ သေဆုံးခြင်းများရှိသောကြောင့်လည်းဖြစ်သည်။[၆၀] "အစိုးရက ကျင့်သုံး လျှက်ရှိသော ထောင်စံနစ်အောက်တွင် ထိမ်းသိမ်းချုပ်နှောင်ခြင်းခံရသူ ထောင်ပေါင်းများစွာသည် နှစ်စဉ်နှစ်တိုင်းပင် တပ်မတော်ကို ထောက်ပံ့ကူညီရန်အတွက် အထမ်းသမားများအဖြစ် လုပ်ဆောင်ပေးရသည်။ ဤသို့ စနစ် တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးခြင်းကြောင့် ချုပ်နှောင်ခံရသူများ၏ အခွင့်အရေးကို ထိပါးစေမှုများ ဖြစ်ပွားစေလျှက်ရှိသည်" ဟူ၍ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က ၂၀၀၇ ခုနှစ်တွင် အစီရင်ခံတင်ပြခဲ့သည်။[၆၁]

လွန်ခဲ့သောနှစ်များကဲ့သို့ပင် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် အရပ်သားလူထုများအား အကာအကွယ်ပစ္စည်းများ တပ်ဆင်မပေးဘဲ (သို့မဟုတ်) သင်တန်းများ ပို့မချပေးပဲ မိုင်းများကိုရှင်းလင်းခိုင်ခြင်း၊ မိုင်းအန္တရာယ်ရှိသောနေရာများ

[၅၉] "ယုတ်မာသောလုပ်ရပ်"ဖြင့် မိုင်းရှင်းခြင်းဟူသော စကားလုံးကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အသုံးပြုသည်။ ၎င်းမှာ သင့်တင့်လျော်ကပ်သော သင်တန်းပို့ချခြင်းနှင့် ပစ္စည်းကရိယာများတပ်ဆင်ခြင်းမရှိဘဲ အရပ်သားလူထုများအား အတင်း အကြပ်ပြု၍ မိုင်းကွင်းများ သို့မဟုတ် မိုင်းခင်းထားသည်ဟု သံသယဖြစ်ဖွယ်ရှိသောနေရာများအပေါ် ဖြတ်သွားစေခြင်းဖြစ်သည်။ "ယုတ်မာသော လုပ်ရပ်"ဖြင့် မိုင်းရှင်းခြင်းကို ရုံဖန်ရံခါတွင် လူသားမိုင်းရှင်းကရိယာအဖြစ် လူ့အခွင့်အရေးအစီရင်ခံစာများတွင် ရည်ညွှန်းဖော်ပြသည်။ ယင်းသို့လုပ်ဆောင်ခြင်းကို ဒေသခံလူထုများက ၎င်းတို့အား လမ်းရှင်းရန်အတွက်အလိုရှိကြောင်းဖြင့် စကား လုံးလှပစွာ ရည်ညွှန်းပြောဆိုကြသည်။

[၆၀] ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် "အတင်းအဓမ္မလုပ်အားခိုင်းစေခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် စပ်လျှဉ်း၍ လေ့လာခြင်း၊ နိုင်ငံတကာစာချုပ်ကိုအသုံးပြုခြင်း ထောက်ခံတင်ပြခြင်းတို့နှင့် စပ်လျှဉ်း၍ ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏ အစီရင်ခံစာ" မြန်မာ၊ ၂၀၀၇ ခုနှစ်မတ်လ၊ အပိုင်း ၂၊ အချက် ၆။ ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၆၂ ကိုလည်းရှု။

[၆၁] ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ် "မြန်မာနိုင်ငံ၊ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ လူသားခြင်းစာနာထောက်ထား သည့်ဥပဒေကို ထပ်ခါထပ်ခါ အဓိကအားဖြင့် ကျူးလွန်ချိုးဖေါက်မှုများကို ရှုတ် ချသည်။" ၂၀၀၇ ခုနှစ် ဇွန်လ ၂၉ ရက်စွဲဖြင့် သတင်း ထုတ်ပြန်ချက်။

တွင် စစ်တပ်အတွက် အထမ်းသမားလုပ်ခိုင်းခြင်း၊ မိုင်းများရှိလောက်သည်ဟု သံသယဖြစ်ဘွယ်သော နေရာများတွင် ခြုံပုပ်များကို ရှင်းလင်းခိုင်းခြင်းစသည်တို့နှင့် စပ်လျဉ်း၍ ယုံကြည် လောက်ဘွယ် အစီရင်ခံချက်များကို လက်ခံရရှိခဲ့သည်။[၆၂] ကရင်ပြည်နယ်တွင် လာဘူးဆခီး လမ်းမကြီး တလျှောက် ၌ သဘာ၀ပေါက်ပင်များကို ခုတ်ဖြတ်ရန်နှင့် မိုင်းများကိုရှင်းရန်အတွက် ရွာ ၁၃ ရွာမှ လူဦးရေ ၂၇၄ ဦးအား ခြေမြန်တပ်မ (၆၆) က အခမ့ခိုင်းစေခဲ့ကြောင်း လွတ်လပ်သော မြန်မာနိုင်ငံရိန်းဂျာတပ်ဖွဲ့က အစီရင်ခံခဲ့သည်။[၆၃]

၂၀၀၇ ခုနှစ်၊ ဇွန်လတွင် မြန်မာတပ်မတော်တပ်ဖွဲ့တခုသည် မိုင်းချထားသည့် နေရာများကို ရှောင်ကွင်း၍ လမ်းပြပေးရန် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာအနီးတဝိုက် ကျေးရွာတရွာမှ လူထုများအား အတင်းအကြပ်ခိုင်းစေခဲ့ကြောင်း စွပ်စွဲပြောဆိုမှုများရှိသည်။[၆၄] ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် တပ်မတော်တပ်ဖွဲ့တခုအတွက် လမ်းပြအဖြစ် အတင်းအကြပ်ခိုင်းစေခြင်းခံရသော ရွာသားတဦးသည် စစ်သားတဦးမိုင်းနင်းမိပြီးနောက် လွတ်မြောက်သွားခဲ့သည်။[၆၅] ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် အတင်းအကြပ်ခိုင်း စေခြင်းကြောင့် တပ်မတော်အတွက် ဆန်ရိက္ခာများကို သယ်ခဲ့ရသူလူနှစ်ဦးသည် တောင်ငူခရိုင် ကလဲလနယ် မြေတွင် မြေမြှုပ်မိုင်းထိ၍ ဒဏ်ရာများရရှိခဲ့သည်။ ၎င်းတို့မှာ ဖိုးဘော်စိုးရှိ တပ်မတော်စခန်းသစ်တခုကို ဦးတည်လျှက် ခြေမြန်တပ်မ ၅၆ စစ်သားများ၏ ရှေ့မှနေ၍ လမ်းလျှောက်ကာ ဆန်ရိက္ခာများထမ်းပိုးပေးနေရသော ကော်သေးဒဲနှင့် ကလေးစိုးခီး ရွာသားတရာအုပ်

---

[၆၂] ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၀၁၊ ၈၀၂ ကိုရှု။ ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၆၂၊ ၈၆၃။ ၂၀၀၅ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၆၈၃၊ ၆၈၄။ ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၉၄၂၊ ၉၄၃။ ၎င်းအပြင် စောစောပိုင်းက ထုတ်ပြန်ခဲ့သော မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာများကိုလည်းရှု။

[၆၃] "ကရင်လူ့အခွင့်ရေးအဖွဲ့ ကွင်းဆင်းလေ့လာစုဆောင်းမှုအစီရင်ခံစာ၊ ကျည်ဆန်များနှင့် မြေထိုးစက်များ၊ တောင်ငူခရိုင်တွင် နယကေ ထိုးစစ်ဆက်လက်ဆင်နွဲ။" ၂၀၀၇ ခုနှစ် ဖေဖေါ်ဝါရီလ ၁၉ ရက် စာမျက်နှာ ၈။

[၆၄] လွတ်လပ်သောမြန်မာနိုင်ငံရိန်းဂျားတပ်ဖွဲ့ "မိသားစုများ အသတ်ခံရ၊ မိန်းကလေးများ မုဒိန်းကျင့်ခံရ။ ကရင်ပြည်နယ်တွင် ဗမာ တပ်မတော်၏ ရက်ဆက်မှုများ " ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်။

[၆၅] လွတ်လပ်သောမြန်မာနိုင်ငံရိန်းဂျားတပ်ဖွဲ့ "မြန်မာ့တပ်မတော် ရွာသား ၅ ဦးကိုသတ်၊ ၂၂၃ ဦး ကျော်ကို ထွက်ပြေးပုန်း အောင်းရန် အတင်းအခမ့ပြု " ၂၀၀၇ ခုနှစ် ဩဂုတ်လ ၉ ရက်။

စု၏ အစိပ်အပိုင်း ဖြစ်ကြောင်းသိရသည်။[၄၆] ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် လူရှစ်ဦးသည် လျှပ်စစ်ကြိုးတန်းကြီးများကို ထောက်မထားသော တာဝါတိုင်ကြီးများ၏ အောက်ခြေရှိ စစ်တပ်က မိုင်းထောင်ထားပုံရသောနေရာ၌ ခြံစည်းရိုးတခုကို ပြုပြင်နေစဉ် လူရှစ်ဦးထိခိုက် ဒဏ်ရာရရှိခဲ့သည်။[၄၇]

အောက်ပါဖြစ်ရပ်များကို ရည်ညွှန်းလျှက် မိုင်းရှင်းလင်းရေးအတွက် လုပ်အားကို အတင်းအကြပ်ခိုင်းစေမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေကြောင်း ကရင်အမျိုးသားအစည်းအရုံးက ပြောဆိုသည်။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် အစိုးရတပ်များသည် တောင်ငူခရိုင် သဖန်းချောင်းနှင့် ထီးလိုရွာများအကြားရှိ မိုင်းများကို နွားလှည်းများဖြင့် ရှင်းလင်းရန် ရွာသားများအား အတင်းအကြပ် ခိုင်းစေခဲ့သည်။ လှည်းနှစ်စီးအနက် တစီးမှာပျက်စီးသွားခဲ့သည်။ လှည်းက မိုင်းနင်းမိသောအခါ လှည်းပေါ်ပါသူနှစ်ဦးမှာ သေဆုံးသွားခဲ့ရသည်။[၄၈] ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် တောင်ငူ၌ တပ်မတော်ခြေမြန်တပ်ရင်း (၆၈) နှင့် (၆၉) သည် ပလေးဆလိုး၊ ရဲ့လိုးနှင့် ပလောဘောဒို့ ကျေးရွာများမှ ရွာသားများအား မိုင်းရှင်းကိရိယာများအနေဖြင့် ၎င်းတို့၏ ရှေ့မှလျှောက်သွားရန် ရွာသားများအား ခိုင်းစေခဲ့သည်။[၄၉] ၂၀၀၇ ခုနှစ် ဖေဖေါ်ဝါရီလ ၁၅ ရက်နေ့တွင် ကော်သေးဒို့ ရွာသားနှစ်ဦးသည် လမ်းပေါ်၌မိုင်း ရှင်းနေချိန်အတွင်း ၎င်းတို့၏ထရပ်ကား မိုင်းနင်းမိပေါက်ကွဲသောကြောင့် ဒဏ်ရာရရှိခဲ့သည်။[၅၀] ထရပ်ကားမိုင်းနင်းမိပေါက်ကွဲသောကြောင့် ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၈ ခုနှစ် မတ်လတွင် မောခို့ကျေးရွာမှ ရွာသားများကို တပ်မတော်လမ်းဖေါက်ရေးအဖွဲ့ရှေ့မှ

[၄၆] လွတ်လပ်သော မြန်မာနိုင်ငံ ရိန်းဂျားတပ်ဖွဲ့ "ရွာသား ၄ ဦးပစ်သတ်ခံရ၊ ရွာများမီရှို့ခံရ၊ တောင်ငူခရိုင်တွင် မြန်မာ့တပ်မတော် က ရွာသားများကိုတိုက်ခိုက်ရာ၌ လူသားမိုင်းရှင်းကရိယာအဖြစ် အတင်းအဓမ္မအသုံးပြုခြင်းခံရသည်။ "

[၄၇] ဤထိခိုက်မှုနှင့် စပ်လျဉ်း၍ ဆန့်ကျင်သော အစီရင်ခံချက် ၂ ခုကိုရရှိသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် မြန်မာ့ အလင်း သတင်းစာ၌ "လှိုင်ကော်မြို့နယ်တွင် ရွာသား ၈ ဦး မိုင်းထိ၍ ဒဏ်ရာရရှိ" ဟု ဖေါ်ပြထား။ လွတ်လပ်သော မြန်မာနိုင်ငံ ရိန်းဂျားတပ်ဖွဲ့က ၂၀၀၈ ခုနှစ် ဇန်နာဝါရီလတွင် "ကရင်နီပြည်နယ်၌ မိုင်းထိ၍ ရွာသားများဒဏ်ရာရရှိ" ဟုဖေါ်ပြထား။

[၄၈] ၂၀၀၇ ဧပြီလ ၃၀ ရက်စွဲဖြင့် ကရင်အမျိုးသားအစည်းအရုံး၏ "သတင်းထုတ်ပြန်ချက် ၁/၀၇"။

[၄၉] ၎င်း

[၅၀] ၎င်း

လမ်းလျှောက်စေရန် အတင်းအကြပ်ခိုင်းခဲ့သည်။ မိုင်းနင်းမိ ပြီးဒဏ်ရာရသွားသော ရွာသားတဦးအား ထန်းတပင်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။[၅၁]

၂၀၀၇ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် မြိုတ်ခရိုင်၌ ကိုးသဲလုအခြေစိုက် တပ်မတော် တပ်စခန်းအတွက် လုပ်အားပေးခိုင်းစေခံနေရစဉ်တွင် ကောင်းမွန်ရွာသား တဦးသည် မိုင်းထိကာဒဏ်ရာရရှိခဲ့သည်။[၅၂] ၂၀၀၇ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့တွင် ညောင်လေပင်ခရိုင် ခွီးဒဲခိုအခြေစိုက် တပ်စခန်းတခုအနီး၌ အထမ်းသမားတဦး မိုင်းနင်းမိသောအခါ ရွာသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၅၃] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အနေဖြင့် ဤအစီရင်ခံချက်များကို အတည်ပြုနိုင်သည့် အနေအထား မရှိသေးပါ။

## အမှတ်အသားပြုလုပ်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်း

မိုင်းရှိသောနေရာများတွင် အမှတ်အသားပြုလုပ်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်း များ တိုးများလာသည်ဟူ၍ အစီရင်ခံချက်များအရ သိရှိရသည်။ သို့ရာတွင် စဉ်ဆက်မပြတ်လုပ်ဆောင်နေခြင်းတော့ မရှိသေးပါ။ အမှတ်အသားပြုလုပ်၊ ခြံစည်းရိုးခတ်သောနေရာများမှာ တနင်္သာရီတိုင်းရှိ အဓိကလမ်းမကြီးတလျှောက်တွင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။[၅၄]

ပထမတခုမှာ ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံမှ စတင်လာခဲ့ပြီး ကရင်နှင့် ကရင်နီပြည်နယ် နှစ်ခုစလုံးကို ဖြတ်သန်းသွားသော လျှပ်စစ်ကြိုးတန်းကြီးများကို ထောက်မထားသည့် တာဝါတိုင်ကြီးများတလျှောက် လုံးတွင်ဖြစ်သည်။ ဒုတိယတခုမှာ ကရင်နှင့် မွန်ပြည်နယ်နှစ်ခုစလုံးကို ကန်ဘောက်–မြိုင်ကလေး သဘာဝဓါတ်ငွေ့ပိုက်လိုင်းသွယ်တန်းထားသည့် လမ်းကြောင်း တလျှောက်လုံးတွင်ဖြစ်သည်။

---

[၅၁] လွတ်လပ်သော မြန်မာနိုင်ငံရိန်းဂျားတပ်ဖွဲ့ "ဆိုင်းကလုန်း မုန်တိုင်းဒဏ်ကြောင့် ထောင်ပေါင်းများစွာထိခိုက်၊ ကရင်ပြည်နယ် တွင်မြန်မာ့တပ်မတော်၏ ရက်စက်မှုကြောင့် ရွာသားများ ဆက်လက်ထိခိုက်ခံစားရလျှက်ရှိ" ၂၀၀၈ ခုနှစ် မေလ ၉ ရက်။

[၅၂] ၂၀၀၇ ခုနှစ် မေလ ၅ ရက် ရက်စွဲဖြင့် ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သော "သတင်းထုတ်ပြန်ချက် ၁၄/၀၇။ "

[၅၃] ၎င်း

[၅၄] ၂၀၀၈ ခုနှစ်စောစောပိုင်းတွင် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ သို့ပေးပို့သော ဓါတ်ပုံများနှင့် အမည်မဖော်ပြလိုသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ။

ယခင်က အစီရင်ခံတင်ပြခဲ့သကဲ့သို့ပင် မြန်မာ့တပ်မတော်သည် ဝါးနှင့်ယက်ထားပြီး ဆေးဖြူရောင်သုတ်ထားသည့် ခြံစည်းရိုးများကိုတည်ဆောက်သည်။ စစ်တပ်စခန်းများ၏ နယ်နမိတ် (သို့မဟုတ်) စစ်တပ်စခန်း များတဝိုက် ခင်းထားသော မိုင်းကွင်းများ၏ နယ်နမိတ် (သို့မဟုတ်) တံတားကဲ့သို့သော မဟာဗျူဟာအရ အရေးပါသဖြင့် မိုင်းခင်းထားသည့်နေရာများ၏ နယ်နမိတ်များကို သိသာနိုင်စေရန်အတွက်ဖြစ်သည်။ အချို့သော နေရာများတွင် တပ်မတော် တပ်ဖွဲ့များသည် ၎င်းတို့ခင်းထားသည့် မိုင်းကွင်းများရှိရာနေရာအနီးတဝိုက်တွင် နေထိုင်သောရွာသားများသိရှိစေရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေသား၍ဖြစ်စေ သတိပေးချက်များ ထုတ်ပြန်လေ့ရှိ သည်။ လက်နက်ကိုင်အင်အားစု အများစုသည် ၎င်းတို့ ခင်းထားသောမိုင်းကွင်းများကို နှုတ်ဖြင့်ထုတ်ပြန်တတ်ကြသည်။[၅၅]

## မြေမြှုပ်မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော စစ်သုံးပစ္စည်းများကြောင့် သေကြေဆုံးရှုံးမှုများ[၅၆]

၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော စစ်သုံးပစ္စည်းများ ကြောင့် ၄၃၈ ဦးထိခိုက်မှုရှိခဲ့ကြောင်းဖြင့် အယ်န်ဂျီအိုနှင့် အခြားအဖွဲ့အစည်းများကပေးပို့သော သတင်းများအရ လည်းကောင်း၊ သတင်းဌာန

---

[၅၅] ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၆၃ ကိုရှု။ ၎င်းအပြင် ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၉၄၁ ကိုရှု။
[၅၆] အခြားနည်းဖြင့် မှတ်ချက်ပြုထားခြင်းမရှိလျှင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ မှ ဇန်နဝါရီ ၁ ရက်အတွင်း မြန်မာ့အလင်း သတင်းစာတွင် ဖေါ်ပြခဲ့သော သတင်းဌာန ၅၅ ခု၏ အစီရင်ခံတင်ပြချက်များ အပေါ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ သုံးသပ်ချက်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ "၂၀၀၇ ခုနှစ် မြန်မာနိုင်ငံလူ့အခွင့်အရေးနှစ်ချုပ်မှတ်တမ်း" ထိုင်းနိုင်ငံ၊ ၂၀၀၈ ခုနှစ် ဇွန်လ ၂ မှ ၆ ရက်အတွင်း ဂျီနီဗာတွင်ကျင်းပသော အမြဲတမ်းကော်မတီအစည်းအဝေးတွင် တင်သွင်း၊ နေ့စွဲမပါရှိ စာမျက်နှာ ၁၁ မှ ၁၈။ ၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် မဲဆောက်၌ ကျောပိုးအိတ်ကျန်းမာလုပ်သားများအဖွဲ့မှ ဝန်ထမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း။ ကရင်လူ့အခွင့်အရေး အဖွဲ့မှ ပေးပို့သည့် ပုံနှိပ်ဖော်ပြပြီးသော သတင်းများနှင့် ပုံနှိပ်ဖော်ပြခြင်းမပြုရသေးသော သတင်းများ။ ၂၀၀၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် အီးမေးလ်ဖြင့် ပေးပို့သည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ စစ်ပွဲများတွင် ထိခိုက်ဒဏ်ရာခြင်းဆိုင်ရာ စီမံချက်မှပေးပို့သောသတင်းများ။ ၎င်းအပြင် အမည်မဖော်ပြလိုသော အဖွဲ့အစည်းများ။ ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့ လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၀၃။

များ၏ အစီရင်ခံချက်များအရ လည်းကောင်းသိရှိရသည်။ ၄၇ ဦးသေဆုံး၊ ၃၃၈ ဦး ဒဏ်ရာရပြီး ၅၃ ဦးမှာ အမျိုးအမည်အတိအကျ မဖော်ပြနိုင်သည့် ထိခိုက်မှုရှိခဲ့သည်။ ၉ ဦးမှလွဲ၍ ကျန်လူအားလုံးသည် အရပ်သားလူထုများဖြစ်သည်။ နှစ်ဦးမှာ ထိုင်းနိုင်ငံသားများဖြစ်ကြသည်။ ထိခိုက်သေဆုံးသူများအနက် ဦးရေအများဆုံးနှင့် စပ်လျဉ်းပြီး (စုစုပေါင်း ၂၉၈ ဦး) ကျား မ၊ အသက်အရွယ်အသေးစိပ်များကို မသိရှိရချေ။ သို့ရာတွင် အသေးစိပ်သိရသမျှမှာ စစ်သား (၉) ဦးနှင့် ခလေး (၅) ဦးအပါအဝင် ယောကျ်ား (၁၂၄) ယောက် ဖြစ်သည်။ မိန်းခလေးသုံးဦးအပါအဝင် အမျိုးသမီး (၁၆) ယောက် ဖြစ်သည်။ လူသတ်မိုင်းများကြောင့် (၄၀၇) ဦး၊ ယန်ဖျက်မိုင်းများကြောင့် (၇) ဦး၊ အမျိုးအမည်မသိရသော လက်နက်ပစ္စည်းများကြောင့် (၂၉) ဦးထိခိုက် သေဆုံးမှုများဖြစ်ပွားခဲ့သည်။ လူ ၁၄၇ ဦး အတွက်မူ မည်သို့ဖြစ်ပွားခဲ့ကြောင်း မသိရချေ။ အဖြစ်များသည်မှာ ထင်းများစုဆောင်းခြင်းနှင့် သစ်တောထွက်ပစ္စည်းများရှာဖွေခြင်းကြောင့် (၄၆) ဦး၊ ခရီးသွားလာရင်း (၂၂) ဦး၊ စိုက်ပျိုးရေးလုပ်ဆောင်ရင်း (၁၉) ဦး၊ အထမ်းသမား အဖြစ်လုပ်ဆောင်ရင်း (၁၈) ဦး၊ အတင်းအကြပ် လုပ်အား ပေးခိုင်းစေခြင်းခံရရင်း (၁၆) ဦးတို့ထိခိုက်မှု၊ သေဆုံးမှုများဖြစ်ပွားခဲ့သည်။ အနည်းဆုံး (၅) ဦးမှာ မိုင်းရှင်းလင်းသည့် ဆိုးဝါးသောဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်သေဆုံးမှုအရေအတွက်အများဆုံးအဖြစ် ပဲခူးတိုင်းတွင် (၉၅) ဦး၊ ကရင်ပြည်နယ်တွင် (၅၉) ဦး၊ ကရင်နီပြည်နယ်တွင် (၁၁) ဦးတို့ဖြစ်ကြောင်း သိရသည်။[၅၇] (အငြင်းပွားလျှက်ရှိသော) ပဲခူးတိုင်း တောင်ငူခရိုင်တွင် ထိခိုက်သေဆုံးမှုအားလုံး၏ ၅၉ ရာခိုင်နှုန်းရှိသည်။ ၁၁၆ ဦးအနက် ၆၈ ဦးထိခိုက်ဖြစ်ပွားခဲ့သည့် နေရာကိုသိရှိရသည်။

အထက်ပါအစီရင်ခံစာတင်ပြချက်မှာ ထိခိုက်သေဆုံးသူအရေအတွက် သိသာစွာတိုးတက်လာကြောင်း ဖော်ပြသည်။ အဘယ်အကြောင့်ဆိုသော် ၂၀၀၅ ခုနှစ်တွင် (၅ ဦးသေ၊ ၂၂၅ ဦးဒဏ်ရာရ၊ ၁ ဦးမသိရ) စုစုပေါင်း (၂၃) ဦးနှင့် ၂၀၀၆ ခုနှစ်တွင် (၂၀ ဦးသေ၊ ၂၂၃ ဦးဒဏ်ရာရ) စုစုပေါင်း ၂၄၃ ဦးထိခိုက်သေဆုံးခဲ့သောကြောင့် ဖြစ်သည်။[၅၈] သို့ရာတွင် တိုင်းပြည်အတွင်း စနစ်တကျ စာရင်းဇယားကောက်ယူမှုစနစ်ကင်းမဲ့ခြင်းကြောင့် လည်းကောင်း၊ လုံခြုံရေးကိုစိုးရိမ်သဖြင့် လက်နက်ကိုင်တိုက်ပွဲဝင်နေသော အဖွဲ့အစည်းများက သတင်းထုတ်ပြန် ရန် နှောင့်နှေးသဖြင့် လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ချုပ်ချယ်ကန့်သတ်ထားသဖြင့် လည်းကောင်း အစီရင်ခံ

---

[၅၇] ၎င်းအပြင် ထိခိုက်သေဆုံးမှု ၂ ခု၊ ရှမ်းပြည်နယ်တွင် ၁ ခု၊ မွန်ပြည်နယ်တွင် ၁ ခုဖြစ်ပွားခဲ့သည်။ အခြားထိခိုက်သေဆုံးမှုများနှင့် စပ်လျဉ်း၍ နေရာဒေသအသေးအစိပ်များကို မသိရှိခဲ့ပါ။

[၅၈] ၂၀၀၇ ခုနှစ်၊ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၀၃ ကိုရှု။ နှင့် ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့ လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၆၄ ကိုရှု။

တင်ပြချက်များ ပြည့်စုံမှုမရှိနိုင်သည်မှာ သေချာသည်။ အစိုးရသည် မိုင်းထိခိုက်မှုကြောင့် စစ်ဘက်ပုဂ္ဂိုလ်များထိခိုက်မှု၊ သေဆုံးမှုများကို ထုတ်ပြန်ခြင်းမရှိသေးခြေ။

အစိုးရတည်ထောင်ထားသော မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးများတွင် ဖေါ်ပြထားချက်များအရ ၂၀၀၇ ခုနှစ်တွင် ၁၀၅ ဦးထိခိုက်၊ သေဆုံးခဲ့ကြောင်း သိရသည်။ ၂၀၀၇ ခုနှစ် လူ့အခွင့်အရေးနှစ်စဉ် မှတ်တမ်းစာအုပ်စာအုပ်အရ ထိခိုက်သေဆုံးမှု ၆၇ ဦးရှိသည်။ မြေမြှုပ်မိုင်းအသစ်များကြောင့် ထိခိုက်သေဆုံးမှု ၅၁ ဦးရှိခဲ့ကြောင်း မွန်၊ ကရင်၊ ကရင်နီနှင့် ရှမ်းပြည်နယ်များတွင် လှုပ်ရှားလုပ်ဆောင်နေသော ကြောပိုးအိတ် ကျမ်မာရေးလုပ်သားအဖွဲ့ကဖေါ်ပြသည်။ မေလမှ ဒီဇင်ဘာလ ၂၀၀၇ ခုနှစ်အတွင်း ၎င်းတို့လေ့လာစောင့်ကြည့်နေသော ဒေသများအတွင်း မိုင်းကြောင့်ထိခိုက်သေဆုံးမှုဦးရေ အသစ်(၁၀)ဦးရှိခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအုပ်စုက အစီရင်ခံသည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ စစ်ပွဲဆိုင်ရာထိခိုက် ဒဏ်ရာရမှု လေ့လာရေးအစီ အစဉ်က မိုင်းဒဏ်ခံရပြီး မသေဘဲကျန်ရှိသူ ၁၁၈ ဦးရှိကြောင်း အစီရင်ခံသည်။[၅၉] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ထိခိုက်သေဆုံးသူ (၁၇) ဦးရှိခဲ့ကြောင်းကိုလည်းကောင်း အခြားအမည်ထုတ်ဖေါ်ခြင်းမရှိသော နေရာများက (၂၃) ဦးရှိခဲ့ကြောင်းလည်းကောင်း ဖေါ်ပြခဲ့သည်။

ထိခိုက်သေဆုံးမှုများနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်တွင် ဆက်လက်အစီရင်ခံတင်ပြခဲ့ကြသည်။ ဧပြီလ(၂၈) ရက် နေ့အထိ ၄ ဦးသေဆုံး၊ ၂၁ ဦးဒဏ်ရာရ စုစုပေါင်း ၂၅ ဦးထိခိုက်ခဲ့သည်။ အဆိုပါ ထိခိုက်သေဆုံးမှုများမှာ ကရင်နှင့် မွန်ပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်းများတွင် ဖြစ်သည်။ ပဲခူးတိုင်းတွင် ထိခိုက်သေဆုံးမှုအများဆုံးဖြစ်ပွားခဲ့၍ ၂၀ ဦးရှိပြီး တောင်ငူခရိုင်တွင် (၁၆) ဦးရှိခဲ့ကြောင်းကို မှတ်တမ်းများအရ သိရသည်။[၆၀]

## သတင်းအချက်အလက်စုဆောင်းခြင်း

မိုင်းနှင့် စစ်အကြွင်းအကျန် စစ်သုံးလက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရသည့် (သို့မဟုတ်) မတော်တဆမှုများဖြစ်ပွားသည့် စုစုပေါင်းအရေအတွက်ကို

[၅၉] ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၃ ရက် ကမ္ဘာ့ကြက်ခြေနီအဖွဲ့၊ ဥပဒေရေးရာဌာန၊ လက်နက်ဌာနစိပ်၊ ဝန်ထမ်း၊ ဂိုဒိုဖရက်ဒို ထော်ရေဘာ လန်ကာ ကာဒေးနပ် ထံမှ ရရှိသောအီးမေးလ်။

[၆၀] ၂၀၀၈ ခုနှစ်၊ ဇန်နာဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်အတွင်း မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းဌာနများ၏ အစီရင်ချက် ၁၈ ခုအပေါ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ သုံးသပ်ချက်။

တရားဝင်ထုတ်ပြန်ထားသည့် စာရင်းများမရှိချေ။ မြန်မာနိုင်ငံတွင် တိုင်းနှင့် ပြည်နယ်များအားလုံးမှ ရရှိသောကျန်းမာရေးနှင့် ဆေးရုံဆိုင်ရာသတင်းများကို စုဆောင်းသည့် အမျိုးသားကျန်းမာရေး စီမံခန့်ခွဲမှု သတင်းစနစ်ကိုကျင့်သုံးသည်။[၆၁] သို့ရာတွင် မိုင်းနှင့်စစ်အကြွင်းအကျန် စစ်သုံးလက်နက်ပစ္စည်းများကြောင့် ထိခိုက်မှုများအား အခြားအကြောင်းများကြောင့် ဖြစ်ပွားသော ထိတ်လန့်စိုးရိမ်ဘွယ် ဒဏ်ရာရမှုများမှ ခွဲခြားခြင်းမရှိပေ။[၆၂] တိုင်းပြည်အတွင်း၌ လှုပ်ရှားလျှက်ရှိသော နိုင်ငံတကာ အယ်န်ဂျီအိုများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ယင်းတို့၏ အဝန်းအဝိုင်းကို စည်းမျဉ်းသစ်များချမှတ်ကန့်သတ်ကြောင်း ကြေငြာပြီးနောက်တွင် ထိခိုက်သေဆုံးမှုကိန်းဂဏန်းများကို စနစ်တကျ ကောက်ယူရေးမှာပို၍ ခက်ခဲလာသည်။ ဤစည်းများအရ နအဖနှင့် မူလ ပဋိဉာဉ်စာချုပ် ချုပ်ဆို၍ ခွင့်ပြုချက်ရယူ ဖေါ်ဆောင်ခြင်းမရှိသော လေ့လာဆန်း စစ်မှုလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်ခြင်းကို ကန့်သတ်သည်။[၆၃]

ပြည်တွင်း အိုးပစ်၊ အိမ်ပစ် အခြေမဲ့နေထိုင်ကြသော ကရင်လူထုများဆိုင်ရာ ကော်မတီ (CIDKP) နှင့် ကရင် လူမျိုးများ၏ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက် ရေးဆိုင်ရာဌာန (KDHW) တို့သည် အန္တရာယ်ရှိသော ဒေသများနှင့် ထိခိုက်သေဆုံးမှုများကို လေ့လာဆန်းစစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလအထိ မိုင်းဒဏ်ကြောင့် ထိခိုက်သေဆုံးမှု ၆၆၆ ဦး ရှိခဲ့ကြောင်းဖြင့် သတင်းစုဆောင်းခဲ့သည်။[၆၄] အသေးစိပ် သတင်းများကိုမူ ဆက်လက် မရရှိခဲ့ပါ။

မြန်မာနိုင်ငံတွင် နယ်စပ်ဒေသများနှင့် အိမ်နီးခြင်းနိုင်ငံများကို အခြေပြု၍ ကိန်းဂဏန်းများ စုဆောင်းကောက်ယူနေကြသည့် အဖွဲ့အစည်းများရှိသည်။ သို့ရာတွင် ၎င်းတို့၌တူညီစွာ စံအဖြစ်အသုံးပြုနေသည့် သတင်းစုဆောင်းမှုမရှိခြေ။ သတင်း

---

[၆၁] ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၅ မှ ၂၇၊ နီပေါနိုင်ငံ၊ ခတ်မန်ဒူမြို့၊ "ပြည်တွင်းကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်များနှင့် စပ်လျဉ်းသော အစီရင်ခံချက်များအပေါ် ဆွေးနွေးသည့် ဒေသကြီးဆိုင်ရာ အလုပ်ရုံးဆွေးနွေးပွဲ"တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဌာနမှ ဒေါက်တာစိုးထွန်း၏ မြန်မာ့ကျန်းမာ ရေးစီမံခန့်ခွဲမှု သတင်းစနစ် ဆိုင်ရာတင်ပြချက်။

[၆၂] ကျန်းမာရေးဝန်ကြီးဌာန "၂၀၀၇ ခုနှစ် မြန်မာနိုင်ငံအတွင်း ကျန်းမာရေး" ရန်ကုန်၊ ရက်စွဲမဖော်ပြ၊ စာမျက်နှာ ၈၀။

[၆၃] မြန်မာနိုင်ငံအစိုးရ၊ "မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးတိုးတက်မှု ဝန်ကြီးဌာန၊ အန်ဂျီအိုများနှင့် နိုင်ငံတကာ အဖွဲ့ အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများတို့ ပူးပေါင်းဖော်ဆောင်သည့် လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု စနစ်တကျချောမောစွာ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်" ရန်ကုန်၊ ၂၀၀၆ ခုနှစ်။

[၆၄] ဒန် ဘုရားရှိခိုးကျောင်းအကူအညီ "HMA မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ ၂၀၀၈ ခုနှစ် ဇန်နာဝါရီ " နေ့စွဲ မပါရှိ၊ စာမျက်နှာ ၂။

များထပ်မနေအောင် ပယ်ရှားသန့်ရှင်းပြီးနောက် အတည်ပြုချက်ပေးနိုင်ရေး အတွက် စုပေါင်းကာ ကွန်ပြူတာထဲတွင် အသင့်သုံးနိုင်ရန် စုဆောင်းထားသည့်စနစ်လည်း မရှိခြေ။ ယင်းသို့ သတင်းစုဆောင်းမှု အဝန်းအဝိုင်းကို ကန့်သတ်ခံရသဖြင့် လည်းကောင်း၊ တိုင်းပြည်ပဋိပက္ခဖြစ်ပွားလျှက်ရှိသော ဒေသများကို လက်လှမ်းမမှီနိုင်သဖြင့် လည်းကောင်း၊ အစီရင်ခံတင်ပြချက်များထဲတွင်မပါရှိဘဲ ကျန်ရှိနေသော ထိခိုက်သေဆုံးမှုများလည်း အများအပြားရှိနေဆဲ ဖြစ်သည်။

## မြေမြှုပ်မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော စစ်သုံးပစ္စည်းများကြောင့် စွန့်စားရမှုများဆိုင်ရာ ပညာပေးရေး

မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော စစ်သုံးပစ္စည်းများနှင့် ကြီးမားသောမိုင်းပြဿနာတို့ကြောင့် ထိခိုက်မှု၊ သေဆုံးမှုရှိခဲ့သောလည်း အဆိုပါထိခိုက်သေဆုံးမှု ဘေဒဏ်ခံစားခဲ့ရသောဒေသများတွင် လုံးလောက်သော ပညာပေးမှုများ မလုပ်ဆောင်ကြသေးချေ။ အယ်န်ဂျီအိုများနှင့် ဒေသခံလူထုအဖွဲ့အစည်းများ အနေဖြင့် အခါအားလျော်စွာ လုပ်ဆောင်မှု ပညာပေးမှုများတော့ရှိနေသည်။[၆၅] လွန်ခဲ့သောနှစ်များကနှင့် နှိုင်းယှဉ်လျှင်မူ ဒေသတွင်းလှုပ်ရှားမှုများ အတိုင်းအတာတခုအထိ တိုးတက်လာပုံပေါ်သည်။ သို့ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ နည်းလမ်းများနှင့် စပ်လျှဉ်းသည့် သတင်းအချက်အလက်များ (သို့မဟုတ်) ဤလှုပ်ရှားမှုများ ဖေါ်ဆောင်နိုင်ခဲ့သည့် ပထဝီဝင်ဆိုင်ရာ အနေအထား၊ အတိုင်းအတာများကိုမူ မသိရှိရသေးချေ။

နအဖသည် စစ်တပ်စခန်းများအနီးတဝိုက်တွင် “မိုင်းသတိပေး”အမှတ်အသားများ သတ်မှတ်ဖေါ်ပြ ထားသည့် သက်သေခံချက်များကို ပြတ်တောင်း ပြတ်တောင်း တွေ့ရှိရသော်လည်း အထက်တွင်ဖေါ်ပြခဲ့သည့် စွန့်စားရမှုများဆိုင်ရာ ပညာပေးမှုလုပ်ငန်းများကို နိုင်ငံအနေဖြင့် ဦးဆောင်တာဝန်ယူ လုပ်ကိုင်ခြင်းမရှိသေးခြေ။[၆၆] ပြည်တွင်းတွင် မိုင်းရှိသေဒေသများ၌ အိုးပစ် အိမ်ပစ် အခြေမဲ့နေထိုင်ကြရသူများအား ထိုင်း–မြန်မာ နယ်စပ်အဖွဲ့အစည်း (TBBC) က လေ့လာဆန်းစစ်ခဲ့သည်။ ယင်းတို့၏ မထုတ်ပြန်သော ကိန်းဂဏန်းများက အတိုက်အခံလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အာဏာပိုင်များက ချမှတ်ထားသော သတိပေးအမှတ်အသား များအရ မိုင်းများတည်

---

[၆၅] ပြည်တောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၊ “၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးနှစ်ချုပ်မှတ်တမ်း” ထိုင်းနိုင် ငံ၊ ၂၀၀၈ ခုနှစ် ဇွန်လ ၂ မှ ၆ ရက်အတွင်း ဂျီနီဗာတွင်ကျင်းပသော အမြဲတမ်းကော်မတီအစည်းအဝေးတွင် တင်သွင်း၊ နေ့စွဲ မပါရှိ၊ စာမျက်နှာ ၁၀။

[၆၆] ၎င်း

ရှိမှုကို လူဦးရေးအနည်းငယ်သာသိရှိကြောင်းဖြင့် ဖော်ပြထားသည်။ ရွာသားများက တဆင့်တစကား တဆင့်ကြားများ ပြောဆိုခြင်းတို့ကြောင့်လည်းကောင်း၊ မိုင်းထိခိုက်မှုများဖြစ်ပေါ်ရာမှ သတင်းများပျံ့နှံ့သွားသောကြောင့်လည်းကောင်း၊ လူထုသိရှိရမှုက ပို၍များပြားသည်။ အချို့သော ဒေသများတွင် တိုက်ပွဲဖြစ်ပွားရာနေရာများမှ နှုတ်ဖြင့်သတိပေးမှုများသည် လူထုအများသိရှိကြသည့် သတင်းရင်းမြစ်ဖြစ်လျှက်ရှိသည်။ ကရင်နီပြည်နယ်တွင် နအဖ၏နှုတ်ဖြင့် သတိပေးမှုများအရ မိုင်ကွင်းများကို သိရှိကြောင်းဖြင့် အိုးပစ် အိမ်ပစ် အခြေမဲ့နေထိုင်ကြရသူ လူထုများကပြောဆိုသည်။ သို့ရာတွင် ပဲခူးတိုင်းတွင်မူအစိုးရမဟုတ်သော လက်နက်ကိုင်အင်အားစုများ၏ နှုတ်ဖြင့်သတိပေးမှုများအရ သိရှိရကြောင်းဖြင့် အိုးပစ်အိမ်ပစ် အခြေမဲ့နေထိုင်ကြရသူလူထုများက အစီရင်ခံသည်။[၆၇]

၂၀၀၆ ခုနှစ်တွင် ပြည်တွင်း အိုးပစ် အိမ်ပစ် အခြေမဲ့နေထိုင်ကြရသော ကရင်လူထုများဆိုင်ရာကော်မတီ (**CIDKP**) နှင့် ကရင်လူမျိုးများ၏ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန (**KDHW**) ၏ စွန့်စားရမှုများဆိုင်ရာ ပညာပေးရေးရုံးတို့သည် ဘေးအန္တရာယ်ရှိသောဒေသများနှင့် ထိခိုက်သေဆုံးမှုများကို လေ့လာရေးလုပ်ငန်းများလုပ်ဆောင်ရင်း ကရင်ပြည်နယ်အတွင်း အငြင်းပွားလျှက်ရှိသော အပိုင်းများတွင်လည်းကောင်း၊ သူပုန်များထိမ်းချုပ်ထား သည့်နေရာများတွင် လည်းကောင်း၊ စွန့်စားမှုများဆိုင်ရာ ပညာပေးရေး အစီအစဉ်များကို စတင်ခဲ့ကြသည်။[၆၈] ကော်သူလေ ကျန်မာရေးနှင့် လူမှုစောင့်ရှောက်ရေးဌာနသည် ကရင်ပြည်နယ်အတွင်း ကရင်အမျိုးသားအစည်းအရုံး လက်လှမ်းမှီသော နေရာများ၌ စွန့်စားရမှုများဆိုင်ရာ ပညာပေးရေးအစီအစဉ်များကို ဖော်ဆောင်သည်။[၆၉] ရှန်တိစေန ဟုအမည်ရှိသော အန်ဂျီအို အဖွဲ့သည်လည်း ၂၀၀၇ ခုနှစ်အတွင်းတွင် စွန့်စားမှုများဆိုင်ရာ ပညာပေးရေးအစီအစဉ်များအား ဆက်လက်ဆောင်

---

[၆၇] ထိုင်း–မြန်မာနယ်စပ် အကျိုးတူအဖွဲ့အစည်း (**TBBC**) ၂၀၀၅ ခုနှစ်အတွင် ကွင်းဆင်းလေ့လာ၍ စုဆောင်းထားသော အချက်အလက်များ။ သို့ရာတွင် ၂၀၀၅ ခုနှစ်၊ ပြည်တွင်းအိုးပစ် အိမ်ပစ် အခြေမဲ့နေထိုင်မှုများ ဆန်းစစ်ချက်တွင် ထည့်သွင်းပုံနှိပ်ဖော်ပြခြင်းမရှိခဲ့။ သတင်းအချက်အလက်များကို မူလလေ့လာတွေ့ရှိချက်များမှ တွေ့ရှိသည်။ ထိုနောက် ၂၀၀၈ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် (**TBBC**) မှ ဒန်ကန် မက်အာသာ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်အဖွဲ့သို့ ပေးပို့သည်။

[၆၈] ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ စာမျက်နှာ ၈၀၂။

[၆၉] ၂၀၀၈ ခုနှစ်၊ မတ်လ ၂၅ တွင် မဲဆောက်ရှိ ကော်သူးလေ ကျန်မာရေးနှင့် လူမှုစောင့်ရှောက်ရေး အဖွဲ့နှင့် တွေ့ဆုံမေးမြန်းခြင်း။

ရှက်ခဲ့သည်။[၇၀] စွန့်စားမှုများဆိုင်ရာ ပညာပေးရေးအစီအစဉ်များအား ကုလသမဂ္ဂ သို့ မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများကလုပ် ဆောင်ခြင်းမရှိပါ။

## မိုင်းဒဏ်ခံစားရသူများတွက် အကူအညီ

၂၀၀၇ ခုနှစ်အတွင်းတွင် မိုင်းဒဏ်ကြောင့်ထိခိုက်သေဆုံးမှုအသစ်များနှင့် စပ်လျဉ်း၍ အကူအညီများ ပေးအပ်ခဲ့ကြောင်းဖြင့် အစိုးရပိုင်သတင်းစာဖြစ်သော မြန်မာ့အလင်းတွင် အမြောက်အများအစီရင်ခံခဲ့သောလည်း ကူညီမှုအမျိုးအစားများကိုမူ ဖော်ပြထားခြင်းမရှိပါ။[၇၁] မြန်မာနိုင်ငံတွင် မိုင်းများနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲ စေတတ်သောပစ္စည်းများကြောင့် ထိခိုက်မှုဖြစ်ပွားပြီး မသေဘဲကျန်နေသူလူထုများနှင့် ဒုက္ခိတများကို ပေးအပ်သော အကူအညီမှာ မဆိုစလောက်သာရသည်။ နှစ်ပေါင်းများစွာ ဥပက္ခာပြုထားသောကြောင့်လည်းဖြစ်သည်။ ၎င်းတို့အတွက် အလွန်နည်းပါးသော ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများသာရှိသည်။ အစိုးရဝန်ဆောင်မှုလုပ်ငန်း များမှာ စစ်ဘက်ဆိုင်ရာအခွင့်ထူးခံလူနည်းစုများအတွက်သာ ကန့်သတ်ထားရှိမှုကို တွေ့ရလေ့ရှိသည်။ မိမိတို့ဆန္ဒအလျောက် ကုသိုလ်ကောင်းမှုအခြေခံတွင် လုပ်ဆောင်ကြသည့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် **NGO** များအနေဖြင့် လှူပ်ရှားလုပ်ဆောင်ရာတွင်လည်းကောင်း၊ ရန်ပုံငွေနှင့် စွမ်းဆောင်ရည်များတွင်လည်းကောင်း အကန့်အသတ်ရှိခဲ့သည်။ ဒုက္ခိတဖြစ်သွားသူအတော်များများကို မိသားစုအဝန်းအဝိုင်းအတွင်းတွင်သာ ပြုစု စောင့်ရှောက်မှုခံစားခဲ့ကြရသည်။[၇၂] ၂၀၀၇ ခုနှစ်တွင် ပဋိပက္ခဖြစ်ပွားသော ဒေသများအတွင်း၌ လူထုများကို အကူအညီ အကာအကွယ်ပေးမည့် နိုင်ငံတကာအဖွဲ့အ

[၇၀] ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၊ "၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံလူ့အခွင့်အရေး နှစ်ချုပ်မှတ်တမ်း" ထိုင်း နိုင်ငံ၊ ၂၀၀၈ ခုနှစ် ဇွန်လ ၂ မှ ၆ ရက်အတွင်း ဂျီနီဗာတွင်ကျင်းပသော အမြဲတမ်းကော်မတီအစည်းအဝေးတွင် တင်သွင်း၊ နေ့စွဲ မပါရှိ၊ စာမျက်နှာ ၁၀။

[၇၁] ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်အတွင်း မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြခဲ့သည့်သတင်းဌာနများ၏ အစီရင်ခံချက် ၅၅ ခုအပေါ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ သုံးသပ်ချက်။

[၇၂] ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၊ "၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးနှစ်ချုပ်မှတ်တမ်း" ထိုင်းနိုင်ငံ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၅ ၊ စာမျက်နှာ ၅၁၁။ www.ncgub.net နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန "၂၀၀၇ ခုနှစ်၊ နိုင်ငံဆိုင်ရာအစီရင်ခံစာ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး လက်တွေ့အခြေအနေများ" ဝါရှင်တန်ဒီစီ၊ ၂၀၀၇ ခုနှစ်၊ မတ်လ ၁၁ ရက်။

စည်းအမြောက်အများ၏ စွမ်းဆောင်ရည်အပေါ် မြောက်များလှစွာသော ကန့်သတ်ချက်များက အဟန့်အတားဖြစ်စေခဲ့သည်။[၇၃]

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် ရံပုံငွေမလောက်မှု၊ လာဘ်စားမှု၊ ကျွမ်းကျင်သောဝန်ထမ်းနှင့် ဆေးဝါးချို့တဲ့မှုများဖြင့် ချိနဲ့လျက်ရှိခဲ့ပြီး အာရှတိုက်တွင် အခြေအနေအဆိုးဆုံးနိုင်ငံများအနက် တခုဖြစ်သည်။[၇၄] တိုင်းပြည်၏ အစိပ်အပိုင်းအမြောက်အများတွင် ကျန်းမာရေးဖြည့်ဆည်းမှုများကင်းမဲ့လျက်ရှိသည်။ တည်ရှိသော လုပ်ငန်းများမှာလည်း သာမန်အလုပ်ဖြစ်ရုံသာရှိသည်။ အထူးသဖြင့် မိုင်းဒဏ်ခံစားရသော ပြည်နယ်များတွင် ဖြစ်သည်။ ဤဒေသများတွင်ရရှိသော အကူအညီများကို ထိုင်း–မြန်မာနယ်စပ် ကိုဖြတ်ကျော်လုပ်ရှားလျက်ရှိသော အယ်န်ဂျီအိုများနှင့် လူထုအခြေပြုအသင်းအဖွဲ့များထံမှ ရရှိသည်။ လိုအပ်ချက်ကို ပြည့်မှီရန်အတွက် ၎င်းတို့ထံတွင် လုံလောက်သောထောက်ပံမှု အရင်းအမြစ်များမရှိခြေ။ မြင့်မားသောကျန်းမာရေးစရိတ်သည် ကုသမှုခံယူရန်အတွက် အကြီးမားဆုံးအခက်အခဲဖြစ်သည်။ ပဋိပက္ခဆက်လက်ဖြစ်ပွားနေခြင်းနှင့် ခရီးသွားလာမှုကို ကန့်သတ်ခံရခြင်းများသည် ဝန်ဆောင်မှုများကို လက်လှမ်းမှီရေးအတွက်အကြီးအမားဆုံး အဟန့်အတား ဖြစ်လျက်ရှိသည်။[၇၅]

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်း ၅၉၉ သည် ပလောပါးထောရွာတွင် တပ်စခန်းဆောက်ပေးနေစဉ်အတွင်း မိုင်းနင်းမိခဲ့သော ရွာသားတဦးကို ဆေးဘိုးဝါးခပေးအပ်နိုင်ရေးအတွက် အခြားရွာသား ငါးဦးထံမှ ကျပ်ငွေ ၅၀၀၀၀ (အမေရိကန်ဒေါ်လာ လေးဆယ်ခန့်) ပေးအပ်ရန် အမိန့်ပေးခဲ့ကြောင်း စွပ်စွဲချက်များအရသိရှိရသည်။[၇၆] စစ်ဘက်ဆိုင်ရာအနေဖြင့် ၎င်းတို့ကိုယ်ပိုင်အဖြစ်

---

[၇၃] အမေရိကန်အစိုးရ တာဝန်ခံမှုဆိုင်ရာရုံး "မြန်မာနိုင်ငံတွင် ကန့်သတ်ခံရသော နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီပေး ရေးဆိုင်ရာ အစီအစဉ်များ " ၂၀၀၇ ခုနှစ်၊ ဧပြီလ ၆ ရက်၊ **GAO-07-457** ။ နှင့် *et al* ။ "မုန်တိုင်းများ ဆုံစည်းရာ၊ မြန်မာနိုင်ငံ တွင် ကူးစက်တတ်သောရောဂါများနှင့် လူ့အခွင့်အရေး" လူ့အခွင့်အရေးဌာန၊ ကယ်လီဖိုးနီးယား တက္ကသိုလ်၊ လူ့အခွင့်အရေးနှင့် လူထုကျန်းမာရေးဆိုင်ရာ ဘာကလေဌာန၊ လူထုကျန်းမာရေးဆိုင်ရာ ဂျွန် ဟော့ပ်ကင်း ဘလူးမ်ဘတ်ကျောင်း ၂၀၀၇ ခုနှစ် ဇူလိုင်၊ စာမျက်နှာ ၁ နှင့် ၇ ။

[၇၄] ပြည်တောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၊ "၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးနှစ်ချုပ်မှတ်တမ်း" ထိုင်းနိုင်ငံ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၅ ၊ စာမျက်နှာ ၄၉၇။ www.ncgub.net

[၇၅] ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအစီရင်ခံစာ စာမျက်နှာ ၈၀၃ မှ ၈၀၅ ကိုရှု။ ပြည်တောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ "၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးနှစ်ချုပ်မှတ်တမ်း" ထိုင်းနိုင်ငံ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၅ ၊ စာမျက်နှာ ၄၉၇။ www.ncgub.net

[၇၆] လွတ်လပ်သော မြန်မာနိုင်ငံ ရိန်းဂျားတပ်ဖွဲ့၊ "လူနှစ်ဦးကို မြန်မာ့တပ်မတော်က ပစ်သတ်၊ ရွာသားများ မိုင်းနင်းမိ၊ ရာပေါင်းများစွာ ပုန်းအောင်းနေထိုင်ရဆဲ ဖြစ်။" ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၄။

အရပ်သားလူထု ကျင့်သုံး သည့် စနစ်ထက်ပို၍ ရံပုံငွေအရရော ပစ္စည်းကိရိယာအရပါ ဖြည့်ဆည်းထားရှိသည်ဟု ယုံကြည်ရသည်။ အစိုးရမဟုတ်သည့် လက်နက်ကိုင် အင်အားစုများထံသို့ ဆေးဝါးများမရောက်ရှိစေရေးအတွက် ဆေးဝါးများလက်ဝယ်ထားရှိမှုအပေါ် ကန့်သတ်ချက်များကိုလည်း ချမှတ်ထားသည်။[၇၇] စစ်တပ်သည် အရပ်သားလူထုအတွက် ရည်ရွယ်သော ဆေးဘက်ဆိုင်ရာပစ္စည်းများကိုဖျက်ဆီးကြောင်း တိုင်းပြည်၏ကျေးလက်ဒေသများရှိ ဆေးဘက်လုပ်သားများကို သတ်ဖြတ်ဖမ်းဆီးချုပ်နှောင်မှုများ ပြုကျင့်ကြောင်းဖြင့် အစီရင်ခံချက်များရရှိသည်။[၇၈]

၂၀၀၈ ခုနှစ်မေလတွင် နာဂစ်မုန်းတိုင်းဒဏ်ကြောင့် တည်ရှိဆဲဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရသည်။ မုန်တိုင်းကျရောက်ခဲ့သည့်ဒေသများတွင် ကျန်းမာရေးဌာန ၅၀ ရာခိုင်နှုန်းခန့် ပျက်စီးသွားခဲ့ရသည်။ မုန်တိုင်းကျရောက်ပြီးနောက် ရက်သတ္တပတ်ပေါင်း အမြောက်အမြားကာလအတွင်း အရေးအတွက် အလွန်နည်းပါးသော နိုင်ငံတကာအဖွဲ့အစည်းများကိုသာ ကူညီပေးရေးလုပ်ငန်းများလုပ်ဆောင်ရန် တိုင်းပြည်အတွင်းသို့ ဝင် ရောက်ခွင့်ပေးခဲ့သည်။[၇၉]

မိုင်းဒဏ်ခံရပြီးနောက် မသေဘဲကျန်နေသူများအတွက် ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှုနှင့် ခြေတု၊ လက်တုများကို အမျိုးသားပြန်လည်ထူထောင်ရေးဌာနများတွင် ရနိုင်ခဲ့သည်။ အချို့တို့ကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ကူညီသည်။ သို့ရာတွင် အစိုးရကျန်းမာရေးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးတို့အား ထောက်ပံ့ကူညီမှုများကို ရပ်ဆိုင်းခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း လူနာများကို အစိုးရတည်ထောင်လည်ပတ်သော ဆေးဘက်ဆိုင်ရာဖြည့်ဆည်းမှုများအတွက် ရည်ညွှန်းလွှဲပြောင်းပေးမှုများကို ရပ်ဆိုင်းခဲ့သည်။[၈၀] ကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ကူညီမှုများ လျှော့ချပြီးနောက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေး စ

---

[၇၇] ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ "၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး နှစ်ချုပ်မှတ်တမ်း" ထိုင်းနိုင်ငံ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၅ ၊ စာမျက်နှာ ၄၇၇–၄၇၈။ www.ncgub.net

[၇၈] အဲရစ် စတုဗာ *et al* "မုန်တိုင်းများ ဆုံစည်းရာ၊ မြန်မာနိုင်ငံ တွင် ကူးစက်တတ်သောရောဂါများနှင့် လူ့အခွင့်အရေး" လူ့အခွင့်အရေးဌာန၊ ကယ်လီဖိုးနီးယားတက္ကသိုလ်၊ လူ့အခွင့်အရေးနှင့် လူထုကျန်းမာရေးဆိုင်ရာ ဘာကလေဌာန၊ လူထုကျန်းမာရေးဆိုင်ရာ ဂျွန်ဟော့ပ်ကင်း ဘလူးမ်ဘတ်ကျောင်း ၂၀၀၇ ခုနှစ် ဇူလိုင်၊ စာမျက်နှာ (၇) ။

[၇၉] ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ ၊ "ကျန်းမာရေး အခြေအနေ စုပြုံပေါင်းစု အစီရင်ခံစာ အမှတ် (၈)" ၂၀၀၈ ခုနှစ်မေလ (၁၄) ရက်၊ စာ ၁–၂။ နှင့် "နိုင်ငံတကာ လက်လှမ်းမီမှု မလုံလောက်" IRIN (ဘန်ကောက်) ၂၀၀၈ ခုနှစ်မေလ ၂၀ ။

[၈၀] ကမ္ဘာ့ကြက်ခြေနီ အဖွဲ့၊ " ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး အစီအစဉ်၊ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ " ဂျီနီဗာ၊ ၂၀၀၈ ခုနှစ် မေလ၊ စာမျက်နှာ ၃၇။

ရိတ်များကြောင့် ဒုက္ခိတများအနေဖြင့် အစားအသောက်နှင့် ပြုစုကုသမှုများ ရရှိရေး အတွက် ဝန်ဆောင်မှုဌာနများတွင် လက်လှမ်းမီရန်အခက်အခဲရှိလာသည်။[၈၁]

မြန်မာနိုင်ငံတွင် လူမှုရေးစိတ်ပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့သည့် အစီအစဥ်များရှိကြောင်းကို မသိရပါ။ လူမှုဖူလုံရေးဌာနသည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းပို့ချပေးရန် တာဝန်ရှိသည်။ ၎င်းသည် ကိုယ်အင်္ဂါချို့တဲ့သူများအတွက် မဟာဌာနလေးခုကို တည်ထောင်ခဲ့သည်။ သို့သော်လည်းအစိုးရသည် အဆိုပါ အကြောင်းများအတွက်နှင့် ဒုက္ခိတလုပ်ငန်းစဥ်စီမံချက်များအတွက် လုံလောက်မှုမရှိသော ရန်ပုံငွေကိုသာ ပေး အပ်ခဲ့သည်။[၈၂]

ကိုယ်အင်္ဂါချို့တဲ့သွားကြသော စစ်အမှုထမ်းများသည် ၎င်းတို့တပ်မတော်တွင် တာဝန်းထမ်းဆောင်ခဲ့စဥ်က ခံစားခဲ့သည့် ထောက်ပံ့မှုနှင့် တူညီသောလစာငွေကိုခံစားရရှိသော အရပ်ဘက်ဆိုင်ဌာနများတွင် အလုပ်တာဝန် ပြန်လည်ထမ်းဆောင်ခွင့်ရသည်။ သို့ရာတွင် ကိုယ်အင်္ဂါချို့တဲ့သွားသော အရပ်သားလူထုများ အတွက်မူ အလုပ်အကိုင် ပြန်လည်နေရာချထားမှုများမရှိပါ။ တရားဝင်အားဖြင့် ကိုယ်အင်္ဂါ ချို့တဲ့သွားကြသော အရပ်သား လူထုများအတွက် အစိုးရကပေးအထောက်အပံ့ပေးသည်။ အမြဲတန်း မသန်မစွမ်းဖြစ်သွားကြသူများအတွက် အခွန်ကင်းလွတ်သော ထောက်ပံ့ကြေးကိုလည်းကောင်း၊ ယာယီမသန်းမစွမ်းဖြစ်သွားသူအတွက် တနှစ်တာကာလအထိ ၎င်း၏လစာငွေ သုံးပုံနှစ်ပုံခံစားခွင့်တို့လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ဤခံစားခွင့်များကို အမှန်တကယ်ခွင့်ပြုခဲ့ခြင်း ရှိမရှိကိုမူမသိရပါ။[၈၃]

၂၀၀၃ ခုနှစ်တွင် မသန်မစွမ်းသူများဆိုင်ရာ ဥပဒေမူကြမ်းတရပ်ကို လူမှုဖူလုံရေးဌာနသို့ တင်သွင်းခဲ့သည်။ သို့ရာတွင် ထိုဥပဒေအပေါ်၌ အရေးယူဆောင်ရွက်မှုများ ရှိမရှိကိုမူမသိရပါ။ အစိုးရအနေဖြင့် မသန်မစွမ်း ဖြစ်သွားကြသူများကို ဆန့်ကျင်၍ ခွဲခြားဆက်ဆံမှုများ သိသိသာသာပြုမူခြင်းတော့ မတွေ့ရပါ။ သို့ရာတွင် မသန်မစွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းများ၏ ခွဲခြားဆက်ဆံမှုများကို ဆက်လက်ခံစား

---

[၈၁] ၄င်း

[၈၂] အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၊ "လူ့ အခွင့်အရေး လက်တွေ့ အခြေအနေများနှင့်စပ်လျှဥ်း၍ နိုင်ငံအလိုက် အစီရင်ခံတင်ပြချက်များ ၂၀၀၇ ခုနှစ်" ဝါရှင်တန် ဒီစီ၊ ၂၀၀၇ ခုနှစ် မတ်လ ၁၁ ရက်။

[၈၃] ပြည်တောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ "၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး နှစ်ချုပ်မှတ်တမ်း" ထိုင်း နိုင်ငံ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၅ ၊ စာမျက်နှာ ၅၁၁။ www.ncgub.net

ရလျှက်ရှိသည်။[၈၄] ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံသည် မသန်မစွမ်းသူများ၏ အခွင့်အရေးနှင့်ဆိုင်သော ကုလသမဂ္ဂ သဘောတူစာချုပ် သို့မဟုတ် ၎င်း၏ ရွေးချယ်နိုင်ခွင့်ရှိသော နောက်ဆက်တွဲသဘောတူညီချက်ကို လက်မှတ်ရေထိုးခဲ့ခြင်းမရှိသေးပါ။

မြန်မာနိုင်ငံတွင် ထိခိုက်ခံစားရသူများကို အကူအညီပေးသည့် အစီအစဉ် သို့မဟုတ် မဟာဗျူဟာလုပ် ငန်းစဉ်မရှိပါ၊ လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် မသန်မစွမ်းဖြစ်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိသည်။ အချို့သော လူမှုစီးပွားရေးနှင့် ပြည်လည်ထူထောင်ရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းဖေါ်ဆောင်ပေးရန် တာဝန်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မသန်မစွမ်းဖြစ်သွားသူများအတွက် ဆေးဘက်ဆိုင်ရာ အခြေခံမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင် ပေးရန်တာဝန်ရှိသည်။[၈၅] ၂၀၀၇ မှ ၂၀၁၁ ခုနှစ်အတွင်းကျရောက်သော မြန်မာနိုင်ငံ၏ ငါးကြိမ်မြောက်အမျိုး သားရေးစီမံချက်တွင် မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် မသေဘဲကျန်ရှိနေသူများအပါအဝင် မသန်မစွမ်းဖြစ်သွားသူများအတွက် အကျိုးခံစားခွင့်ရှိစေမည့် လှုပ်ရှားဆောင်ရွက်မှု များပါဝင်သည်။ သို့ရာတွင် ပြီးခဲ့သောကာလများက စီမံချက်များ အပေါ် လေ့လာဆန်းစစ်မှု အကဲဖြတ်မှုများ မပြုလုပ်ရသေးပါ။[၈၆]

၂၀၀၇ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၌ မိုင်းနှင့် စစ်အကြွင်းအကျန် ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်ခဲ့ရပြီးမသေဘဲကျန်ရှိသူ (၁၇၁၁) ဦးအပါအဝင် မသန်မစွမ်းဖြစ်သွားသူ အနည်းဆုံး (၆၂၄၅) ဦး တို့သည် ဝန်ဆောင်မှုအချို့ကို လက်ခံရရှိခဲ့ကြသည်။ မသေဘဲကျန်ရှိသူ အနည်းဆုံး (၂၇၀) ဦးသည် အရေးပေါ်ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုရရှိခဲ့သည်။ ၁၄၃၈ ဦးသည်ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုရရှိခဲ့ သည်။ အနည်းဆုံး ၃ ဦးသည်လူမှုစီးပွားရေအရ လူ့အဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ထောက်ပံ့ကူညီမှုကို လက်ခံရရှိခဲ့သည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ထားသော လုပ်ငန်းဌာနများက မသန်မစွမ်းဖြစ်သွားသူ ၁၇၄၅ ဦးကို ကူညီခဲ့သည်။ မိုင်းနှင့် စစ်အကြွင်းအကျန် ပေါက်ကွဲစေတတ် သော ပစ္စည်းများကြောင့် သေကြေဒဏ်ရာရရှိခဲ့သူ ၁၆၅ ဦးအတွက် အရေးပေါ်

[၈၄] အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၊ "လူ့အခွင့်အရေးလက်တွေ့ အခြေအနေများနှင့်စပ်လျှဉ်း၍ နိုင်ငံအလိုက် အစီရင်ခံတင်ပြချက်များ ၂၀၀၇ ခုနှစ်" ဝါရှင်တန် ဒီစီ၊ ၂၀၀၇ ခုနှစ် မတ်လ ၁၁ ရက်။

[၈၅] ၎င်း

[၈၆] ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်း လေ့လာစေါင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစါ၊ စါ– ၈၀၆။

သို့မဟုတ် အဆက်မပြတ် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများ လက်ခံရရှိခဲ့သည်။ မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့်ထိခိုက်မှုရှိခဲ့ပြီး မသေဘဲကျန်ခဲ့သူ ၁၄၃၈ ဦးအပါအဝင် မသန်မစွမ်းဖြစ်သွားသူ ၄၅၀၇ ဦးတို့သည် ခြေတု၊ လက်တုများ သို့မဟုတ် ရွေ့ပြောင်းသွားလာမှုကို အထောက်အပံ့ဖြစ်စေသည့် အခြားပစ္စည်းများ သို့မဟုတ် နှစ်မျိုးစလုံးတို့ကို လက်ခံရရှိခဲ့သည်။ ၂၀၀၇ တွင် ဂျပန်နိုင်ငံရှိ အကူအညီနှင့် သက်သက်ချောင် ချိရေးဆိုင်ရာအဖွဲ့အစည်း (AAR) သည် မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် မသေဘဲ ကျန်ရှိသူ (၁၁) ဦးအပါအဝင် ၇၈ ဦးအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းပို့ချပေးခဲ့သည်။[၇၇]

၂၀၀၇ ခုနှစ် ဇွန်လတွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက် တွင်တည်ရှိသော ဌာနခွဲသုံးခုနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော အခြားဌာနသုံးခုသို့ ပေးအပ်နေသည့်အကူအညီများကို ရပ်ဆိုင်းခဲ့သည်။ ဤသည်မှာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့အပေါ်သို့ ချမှတ်ထားသော အစိုးရကန့်သတ်ချက်များ၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်သည်။ ဤကန့်သတ်ချက်များသည် နိုင်ငံတကာက အသိအမှတ်ပြုပြီး လွန်ခဲ့သောနှစ်များစွာက မြန်မာအာဏာပိုင်များ လက်ခံထားသော လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနဲ့အညီ ၎င်း၏လုပ်ငန်းတာဝန်များ ဖေါ်ဆောင်နေမှုများအပေါ် အဟန့်အတားပြုခဲ့သည်။[၇၈] ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် အဆိုပါလုပ်ငန်းဌာန ခြောက်ခုအနေဖြင့် အနည်းဆုံး တစ်နှစ်ခန့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးတွက် ဝန်ကြီးဌာနနှစ်ခုသို့ လုံလောက်

[၇၇] ကမ္ဘာ့ကြက်ခြေနီအဖွဲ့ "အထူးအစီရင်ခံစ၊ ၂၀၀၇ ခုနှစ် မိုင်း လှုပ်ရှားမှု။" ၂၀၀၈ ခုနှစ် မေလ၊ စာ ၂၇။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ကိုယ်စားလှယ် ဂေါ်သီယာ လီဖဲဘာ ထံမှ ၂၀၀၈ ခုနှစ် မတ်လ ၂၈ နေ့စွဲဖြင့် ပေးပို့သော အီးမေးလ်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့၊"ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး အစီအစဉ်၊ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစ၊" ဂျီနီဗာ၊ ၂၀၀၈ ခုနှစ် မေလ၊ စာမျက်နှာ ၃၇။ ဂျပန် အေအေအာရ် မှ နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ယူကို ယိုကိုတိုဘီ နှင့် ရန်ကုန်တွင်တွေ့ ဆုံမေး မြန်းခြင်း၊ ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလ ၅ ရက်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ဂိုဒိုဖရက်ဒို ထော်ရေဘာလင့်ကာ ကာဒေးနာ့စ်ထံမှ အီးမေလ်း ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၃ ။ နိုင်ငံတကာ အကြမ်းမဘက်ရေး အရှေ့တောင်အာရှအဖွဲ့မှ နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဖရက်ဖါရာရဇ် လူဘန်း ထံမှ အီးမေးလ်၊ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၂ ရက်။ နှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ လ (၁) ရက် နှင့် ဒီဇင်ဘာလ (၃၁) ရက် အကြား မြန်မာ့အလင်းသတင်းစာ၊ သတင်းဌာနများ၏ အစီရင်ခံချက် ၅၅ ခုအပေါ် မြေမြှုပ်မိုင်း လေ့လာစေါင့်ကြည့်ရေးအဖွဲ့ ၏ အစီရင်ခံစာ။

[၇၈] ကမ္ဘာ့ကြက်ခြေနီအဖွဲ့၊ "ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအစီအစဉ်၊ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ" ဂျီနီဗာ၊ ၂၀၀၈ ခုနှစ် မေလ၊ စာမျက်နှာ ၃၇။

သော ပစ္စည်းများပေးအပ်ခဲ့သည်။[၇၉] ၂၀၀၇ ခုနှစ် နှစ်လယ်အထိ ကမ္ဘာ့ ကြက်ခြေနီအဖွဲ့ ကထောက်ပံ့ဆဲဖြစ်သော ဌာနတခုသာ တည်ရှိခဲ့သည်။ ၎င်းသည် ဘားအံရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းလုပ်ဆောင်နေသော အရိုးဘက် ဆိုင်ရာပြန်လည်ထူထောင်ရေးဌာနဖြစ်သည်။[၈၀] ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့မှ မသေပဲကျန်ရှိနေသူများသည် ဤဌာနမှပေးအပ်သော ဝန်ဆောင်မှုများကြောင့် အကျိုးခံစား ခွင့်များရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဇွန်လအထိ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှနေ၍ အဝေးရောက် ထောက်ပံ့ကူညီသော အစီအစဉ်သည် အဆိုပါ ဘားအံလုပ်ငန်း ဌာနအနီးတဝိုက်ဒေသများအထိ ရောက်ရှိခဲ့သည်။[၈၁]

၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် စစ်လက်နက်ပစ္စည်းကြောင့် ထိခိုက်ဒဏ်ရာရသော လူထုများအတွက် ဆေးဘက်ဆိုင်ရာကုန်ကျစရိတ်ပေးချေမှုကိုလည်း ရပ်ဆိုင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ငန်းစဉ်ကို လေ့လာဆန်း စစ်မှုမပြုနိုင်သောကြောင့်ပင်။[၈၂]

ကရင်ပြည်နယ် ကူးဂေရှိ ကရင်အမျိုးသားအစည်းအရုံးက တည်ထောင်ထားသော ဆေးရုံကိုလည်း ခြေတု လက်တုများထောက်ပံ့ပေးအပ်သည်။[၈၃] သို့ရာတွင် အခြားသတင်းများကိုမူမရရှိပါ။ ကော်သူးလေ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနသည် ကရင်ပြည်နယ်၌ အခြေတကျနေထိုင်လျှက်ရှိသော လူထုများအတွက် လည်းကောင်း မြန်မာနိုင်ငံ အခြားဒေသများတွင် နေထိုင်လျှက်ရှိသော်လည်း ကရင်အမျိုးသား အစည်းအရုံးက လက်လှမ်းမှီသည့် ကရင်တိုင်းရင်သား လူထုများအတွက်လည်းကောင်း အားလုံးစုစုပေါင်း လူဦးရေ (၁၀၆၀၀၀)အတွက် ရွေ့ပြောင်းဆေးခန်း(၃၃)ခုကို တည်ထောင်ခဲ့သည်။[၈၄] ဘုရားရှိခိုးကျောင်းများဆိုင်ရာ မြန်မာကောင်စီ၊ ကျောပိုးအိတ်ကျန်မာရေး လုပ်သားအဖွဲ့များနှင့် လွတ်လပ်သော မြန်မာနိုင်ငံရိန်းဂျာတပ်ဖွဲ့တို့ကလည်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု၊ လူမှုစီးပွားရေးအကူအညီ၊ သို့မဟုတ် အရေးပေါ်ဆေး

[၇၉] ၎င်း

[၈၀] ကမ္ဘာ့ကြက်ခြေနီအဖွဲ့ "အထူးအစီရင်ခံစာ၊ ၂၀၀၇ မိုင်းလှုပ်ရှားမှု။ " ၂၀၀၈ ခုနှစ် မေလ၊ စာ ၂၇။

[၈၁] ကမ္ဘာ့ကြက်ခြေနီအဖွဲ့၊ "ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးအစီအစဉ်၊ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစါ" ဂျီနီဗာ၊ ၂၀၀၈ ခုနှစ် မေလ၊ စါမျက်နှာ ၃၇။

[၈၂] ကမ္ဘာ့ကြက်ခြေနီအဖွဲ့၊"အထူးအစီရင်ခံစာ၊ ၂၀၀၇ခုနှစ် မိုင်းလှုပ်ရှားမှု" ၂၀၀၈ခု၊ မေလ၊ စာ ၁၈၉။

[၈၃] အိုးပစ်အိမ်ပစ် အခြေမဲ့ နေထိုင်ကြရသော ကရင်လူထုများဆိုင်ရာကော်မီတီ အတွင်းရေးမှူးချုပ်နှင့် မဲဆောက်တွင် ၂၀၀၇ ခုနှစ် မတ်လ (၉) ရက်က တွေ့ ဆုံမေးမြန်းခြင်း။

[၈၄] ကော်သူးလေ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေး ကိုယ်စားလှယ်နှင့် မဲဆောက်တွင် ၂၀၀၈ ခုနှစ် မတ်လ ၂၅ ရက်နေ့ တွင် တွေ့ ဆုံမေးမြန်းခြင်း။

ဘက် ဆိုင်ရာဝန်ဆောင်မှုများကို အကန့်အသတ်နှင့် ပေးအပ်ခဲ့သည်။[၈၅] ကျောပိုးအိတ် ကျန်မာရေး လုပ်သားအဖွဲ့များသည် နိုင်ငံတကာကယ်ဆယ်ရေးကော်မတီနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလက်လှမ်းမှီမှုအစီအစဉ်တို့မှ သင်တန်းပို့ချမှုများ ရရှိခဲ့သည်။[၈၆] အကူအညီနှင့် သက်သာချောင်ချိရေး ဆိုင်ရာအဖွဲ့အစည်း (AAR) သည် အသက်မသေဘဲကျန်ရှိနေသူများအပါအဝင် မသန်မစွမ်းဖြစ်သွားသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပို့ချပေး ခဲ့သည်။[၈၇]

## မြန်မာနိုင်ငံမှ ဒုက္ခသည်များအတွက်အကူအညီ

မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းများကြောင့်အသက်မသေဘဲကျန်ရှိနေသူများသည် ထိုင်းနိုင်ငံတွင် ကူညီမှုများ ရှာဖွေသောအခါ ဒုက္ခသည်စခန်းများရှိ ဆေးရုံများတွင်လည်းကောင်း၊ ထိုင်း–မြန်မာနယ်စပ်ပြည်နယ်များရှိ အစိုးရ၏ခရိုင်ဆေးရုံများတွင်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုများလက်ခံရရှိခဲ့သည်။ မဲဆောက်ဆေးရုံကြီးတွင် လည်းကောင်း၊ မယ်တော်ဆေးခန်း ခြေတုလက်တုဌာနတွင် လည်းကောင်း၊ ဒုက္ခသည်စခန်းများ အတွင်း၌ HI က တည်ထောင်ထားသော ခြေတုလက်တု အလုပ်ရုံများတွင်လည်းကောင်း။ ရုပ်ပိုင်းဆိုင်ရာပြန် လည်ထူထောင်မှုများ ရရှိနိုင်သည်။[၈၈]

၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်မှုရှိခဲ့ပြီး အသက်မသေဘဲကျန်ခဲ့သူ အနည်းဆုံး ၆၇ ဦးသည် ထိုင်းဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများခံစား ရရှိခဲ့သည်။ ၎င်းတို့အနက် မဲဆောက်ဆေးရုံကြီးက ၆၃ ဦးကို အရေးပေါ်ကုသပေးခဲ့ သည်။ ဆက်လက်၍လည်း ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုနှင့် စိတ်ဓါတ်ရေးရာနှင့် လူမှုရေးကူညီမှုများ ပေးအပ်လျှက်ရှိသည်။[၈၉] ဆရီ

---

[၈၅] ဤအဖွဲ့အစည်းများနှင့် စပ်လျှဉ်းသောသတင်းများကို ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့ အစီရင်ခံစါ စါ – ၈၆၆–၈၆၇ တွင် ရှု။

[၈၆] ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့ မှ ဝန်ထမ်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊၂၀၀၈ ခုနှစ် မတ်လ ၂၆။

[၈၇] ဂျပန် အေအေအာရ် မှ နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ယူကို ယိုကိုတိုဘီ နှင့် ရန်ကုန်တွင် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလ ၅ ရက်။

[၈၈] ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့အစီရင်ခံစာ စာ– ၆၇၇။

[၈၉] မဲဆောက် အထွေထွေကုဆေးရုံမှ သူနာပြု ဒေါင်ဂရူဒီ ဂျန်ဂျာရီယွန် က မြေမြှုပ်မိုင်းလေ့လာ စောင့်ကြည့်ရေး အဖွဲ့၏ မေးခွန်းများကို ၂၀၀၈ ခုနှစ် မတ်လ (၁၇) ရက်နေ့တွင် ဖြေကြားခြင်း။

ဆွန်ဗားလ် ဆေးရုံသည် မြန်မာနိုင်ငံမှမသေပဲကျန်ခဲ့သူ ၄ ဦးကို အရေးပေါ် ကုသပေးခဲ့သည်။ နှစ်ဦးမှာ ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုနှင့် ရုပ်ပိုင်းဆိုင် ရာပြန်လည်ထူထောင်မှုများကို ဆက်လက်ခံစားနေရဆဲဖြစ်သည်။ နှစ်ဦးကိုမူ ချင်းမိုင်သို့ လွှဲပြောင်းပေးခဲ့သည်။[100]

၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် စစ်ဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီရေးလုပ်ငန်းစဉ်အရ ထိုင်းနိုင်ငံတွင် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုများ ရယူနေသော မြန်မာနိုင်ငံမှ လူနာ ၁၂၈ ဦး၏ ကုန်ကျစရိတ်များကို ကျခံခဲ့သည်။[101]

၂၀၀၇ ခုနှစ်တွင် ရှင်းလင်းသောလမ်းကြောင်းဟူသည့် နိုင်ငံတကာအဖွဲ့ကြီး **(CPI)** နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဘက်အဖွဲ့အစည်းများ၊ မယ်တော်ဆေးခန်း၊ ကရင်မသန်းမစွမ်းသူများ သက်သာချောင်ချိရေးအဖွဲ့နှင့် ရှမ်းကျန်းမာရေးကော်မတီတို့သည် မိုင်းနှင့် စစ်အကြွင်းအကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်မှုရှိခဲ့ပြီး မသေဘဲကျန်ခဲ့သူ ၂၉၈ ဦးအား ခြေတု လက်တုအသစ်များ သို့မဟုတ် ပြုပြင်ထားသော ခြေတုလက်တုများကို တပ်ဆင်ပေးခဲ့သည်။ ပြင်းပြင်းထန်ထန်ထိခိုက်၍ ကိုယ်အင်္ဂါချို့တဲ့သွားသူ ၂၀ ဦးသည် မယ်လ ဒုက္ခသည်စခန်းတွင် သူနာပြုစောင့်ရှောက်မှုကို အချိန်ပြည့်ရရှိခဲ့သည်။ လူနာများပြန်လည်ထူထောင်ရေး အတွက် တာဝန်ယူစောင့်ရှောက်သော ဝန်ထမ်း ၄၁ ဦးသည် သင်တန်းများတက်ရောက်ခွင့် ရခဲ့သည်။[102] ကရင်မသန်မစွမ်း သူများ သက်သာချောင်ချိရေးအဖွဲ့သည် စောင့်ရှောက်မှုဂေဟာ တည်ထောင်၍ အသက်မွေးဝမ်းကြောင်းသင် တန်းများ အင်္ဂလိပ်စာ သင်တန်းများနှင့် မိုင်းဒဏ်ကြောင့်မသေဘဲကျန်ရှိသူ ၁၂ဦးအား ကူညီမှုများပေး အပ်ခဲ့သည်။[103]

၂၀၀၆ ခုနှစ်မှစ၍ အိန္ဒိယသို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံများရှိ ကူညီထောက်ပံ့မှုဌာနများတွင် မြန်မာနိုင်ငံမှ မိုင်းဒဏ်ကြောင့်အသက်မသေဘဲ ကျန်ရှိနေသူများအ

---

[100] ဆရီ ဆွန်ကဗားလ် ဆေးရုံမှ အာရွန်းရတ် အူထရာကူးလ် က မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့၏ မေးခွန်းများကို ၂၀၀၈ ခုနှစ် မတ်လ (၁၁) ရက်နေ့တွင် ဖြေကြားခြင်း။

[101] ၎င်း၊ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ "အထူးအစီရင်ခံစါ၊ ၂၀၀၇ ခုနှစ် မိုင်းလှုပ်ရှားမှု။" ၂၀၀၈ ခုနှစ် မေလ ၂၇၊ စါ– ၁၈၉၊ ၂၁၀။

[102] ရှင်းလင်းသော လမ်းကြောင်းဟူသည့် နိုင်ငံတကာ အဖွဲ့ကြီး **(CPI)** ၏ ဉက္ကဋ္ဌ အင်ဘတ် မတ်သီး၊ "၂၀၀၇ ခုနှစ်တွင် **(CPI)** အဖွဲ့ကြီး၏ အကူအညီများသည် ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံများရှိ မြေမြှုပ်မိုင်းထိပြီး အသက်မသေဘဲ ကျန်ရစ်သူ ၃၀၀ နီးပါးခန့်သို့ ရောက်ရှိခဲ့သည်။" ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်၊ www.clearpathinternational.org

[103] MRE စခန်းများမှ အကြံပေးအရာရှိ ဝူရာနချဲ လာလီတာကွန်မ် ထံမှ ရရှိသော သတင်း။ BBP, HI, ၂၀၀၈ ခုနှစ် ဧပြီလ ၁၇။

နေဖြင့် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုများ ရယူနေကြောင်းကို ဖော်ပြသည့်အစီရင်ခံချက်အသစ်များ မရရှိခဲ့ပါ။[၁၀၄]

## မိုင်းနှင့်သက်ဆိုင်သော လုပ်ရှားမှုများအတွက် ထောက်ပံ့ကူညီမှု

ဒိန်းမတ်နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဘက်ပေါင်းစုံပေါင်းစည်းထားသော မိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် အန်ဂျီအို တခုကို ဒိန်းမတ်ကရောင်းငွေတသန်း (အမေရိကန်ဒေါ်လာ ၁၈၃၈၀၀) ကို ထောက်ပံ့ကူညီခဲ့ကြောင်း အစီရင်ခံသည်။[၁၀၅] ၂၀၀၆ ခုနှစ်အတွက်မှု မြန်မာနိုင်ငံသို့ ရံပုံငွေတစုံတရာပေးအပ်ခဲ့ကြောင်း အစီရင်ခံချက် မရရှိခဲ့ပါ။

---

[၁၀၄] ဘင်္ဂလားဒေ့ရှ် နှင့် အိန္ဒိယ နိုင်ငံရှိမြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ သုတေသနမှူးများသည် မြေမြှုပ်မိုင်းထိခိုက်မှုများအတွက် ဝန်ဆောင်မှုရှာဖွေသော မြန်မာနိုင်ငံသားများနှင့် စပ်လျှဉ်း၍ အစီရင်ခံချက်များကို လေ့လာခဲ့ကြသည်။ ၂၀၀၆ ခုနှစ်မှ စ၍ မည်သည့် အစီရင်ခံချက်မျှ မရရှိခဲ့ပါ။
[၁၀၅] နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းခွဲ အကြီးအကဲ၊ ဟန်း ဘီ အယ်လ်မီလန်ဂမ်း ထံမှ အီးမေးလ်၊ ၂၀၀၈ ခုနှစ် မေလ (၂၂) ရက်။